# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓမ္မပဒ ပါဠိတော် (ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ တန်ခူးလကွယ်နေ့ | ၂၀၂၃ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း အသစ်တည်ဆောက်ထားသည့် Sky Cable Car များအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ညီစေား ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ


မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ — ဆောင်းပါး စာ ၁၆

EV ပေါ်လစီမှသည် ပြည်သူ့အကျိုးစီးပွားဆီ — ဆောင်းပါး စာ ၁၈



ဘာသာပေါင်းစုံမှ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့ စကားသံများ — ပြည်တွင်းသတင်း စာ ၂၀

# အားသစ်မွေး၍ ကိုယ်စီတာဝန်ကျေပွန်

နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ တိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိသည်။ အစိုးရစတင်တာဝန်ယူစဉ်ကာလ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံ၏ စီးပွားရေးမှာ ယခင်အစိုးရလက်ထက် စီမံခန့်ခွဲမှု အားနည်းခဲ့ခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းဟူသော အကြောင်းတရားများကြောင့် ကျဆင်းနေခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ် ပထမ အစိုးရသက်တမ်း ငါးနှစ်ကာလအတွင်း နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ သို့ရာတွင် ဒုတိယအစိုးရသက်တမ်းကာလတွင်မူ ၃ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ယင်းသို့ ကျဆင်းခဲ့ရခြင်း၏ အကြောင်းရင်းမှာ ပြည်ပအကူအညီ အထောက်အပံ့များအပေါ် မှီခိုမှုများပြားခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုအပေါ် အားပေးမှုမရှိခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းခြင်းတို့ကြောင့် ဖြစ်ဖွယ်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် စတင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံစီးပွားရေးကျဆင်းမှုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုတို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်ချိန်တွင် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းနေခဲ့သည်။

သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကို အခက်အခဲများကြားမှ အောင်အောင်မြင်မြင် ထိန်းချုပ်နိုင်ခဲ့ခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးခြင်းတို့ ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ပထမခြောက်လအတွင်း အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြောင်းလဲပေးနိုင်ခဲ့သည်။ ဒုတိယခြောက်လတာကာလတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ ဆက်လက်တိုးတက်လာခဲ့ရာ အနုတ်လက္ခဏာပြပြီး အောက်သို့ကျဆင်းနေသည့် စီးပွားရေးကို အပေါင်းလက္ခဏာပြပြီး ပြန်လည်ဦးမော့လာစေခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တိုးတက်လာရခြင်းသည် ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနှင့် ပြည်တွင်းရှိ ရေ၊ မြေ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ စသည်တို့ကို စုစည်း၍ အကျိုးရှိထိရောက်စွာ အသုံးချနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ အဆိုပါအတွေ့အကြုံအရ " ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ဟူသော ဆိုရိုးနှင့်အညီ ပြည်တွင်းအားများကို ကောင်းစွာစုစည်းနိုင်ရန်နှင့် အရင်းအမြစ်များတွင် အဓိကအကျဆုံးဖြစ်သော လူသားအရင်းအမြစ်၏ ထုတ်လုပ်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်တွင် မိမိတို့သည် အောင်မြင်မှုပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုတို့ကိုလည်း မျှော်လင့်ထားကြရမည်ဖြစ်သည်။ နှစ်ဟောင်းတွင် သင်ခန်းစာယူဖွယ်ရှိသည်တို့ကို ပြုပြင်လျက် ကြုံလာရမည့်အခက်အခဲ၊ အတားအဆီးနှင့် စိန်ခေါ်မှုတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်လည်း ကြိုတင်ပြင်ဆင်အားသစ်မွေးကြရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် မိမိတို့ကျရာကဏ္ဍများမှနေ၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် နှစ်သစ်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေမည်ဖြစ်ပါကြောင်း။ ။





## ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်

**နေပြည်တော် ဧပြီ ၁၇**

ပြည်သူများ ဘေးအန္တရာယ် အပေါင်းကင်းရှင်းပြီး ငြိမ်းချမ်းသာယာစေရေးအတွက် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဆရာတော်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

ဦးစွာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်ကြီး ခြောက်ပါးတို့က တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်၌ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ကြသည်။

ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်ကြီးများ၏ ကပ္ပိယကာရကအဖြစ် လိုက်ပါ၍ ပရိတ်ရေများ ပက်ဖျန်းကုသိုလ်ယူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် နေပြည်တော်ကောင်စီမြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနား တက်ရောက်ကြည်ညို

**နေပြည်တော် ဧပြီ ၁၇**



နေပြည်တော်ကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရမထေရ်မြတ် အမှူးပြုသောဆရာတော်သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ မထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တမုနိကုမာရ မထေရ်မြတ်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများက ဆရာတော် သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ မထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှဝေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**အောင်ကို**

**(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၇**

ထူးခြားသည့် နေ့အပူချိန်များမှာ ဂန့်ဂေါမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ကလေးမြို့၊ မင်းကင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ မချမ်းဘောမြို့တွင် ၀ ဒသမ ၃၂ လက်မ၊ လွိုင်လင်မြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ညောင်ရွှေမြို့တွင် ၀ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။


နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

(မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)
(၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်)



မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မြန်မာ့နှစ်သစ်ကူးအခါသမယမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ-

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပြီး နှစ်ဟောင်းမှာ ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုပေါင်းများစွာကို **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုတဲ့ ခံယူချက်အတိုင်း ပြည်ထောင်စုသားအားလုံး တစ်ဦးကိုတစ်ဦး အားပေးကူညီရိုင်းပင်းပြီး ကျော်လွှားနိုင်ခဲ့ပါတယ်။ လက်ရှိဖြတ်သန်းရမယ့် ၁၃၈၅ ခုနှစ် တစ်နှစ်တာကာလကိုလည်း ယခင်နှစ်ကထက် မလျော့သောညီညွတ်မှု၊ စုစည်းမှု စွမ်းပကားဖြင့် ဖြတ်သန်းနိုင်မည်ဟုလည်း ယုံကြည်ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ကျွန်တော်ဦးဆောင်တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စုစည်းအားနဲ့ အောင်မြင်စွာ ဖြေရှင်းခဲ့ပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံသားတိုင်း ကျန်းမာရေးအရ ဘေးကင်းလုံခြုံကောင်းမွန်တဲ့ ပတ်ဝန်းကျင်ဖြစ်စေရေးနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလေ့အထကောင်းတွေ ဖန်တီးပေးနိုင်ဖို့ ရေရှည်ရည်မှန်းချက်အနေနဲ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေ ကျန်းမာပြီး အသက်ရှင် ရပ်တည်နိုင်ရေးအတွက် စားရေရိက္ခာဖူလုံရေးဟာ အရေးကြီးပါတယ်။

စားရေရိက္ခာဖူလုံရေးအတွက် ကျွန်တော်တို့ နိုင်ငံသားတွေရဲ့ အဓိကအသက်မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ကာ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးအကျပ်အတည်းများ ရှိခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ကျွန်တော်တို့ ပြည်တွင်းအားတွေ စုစည်းမှုကောင်းလာသောကြောင့် ကုန်ထုတ်လုပ်မှုတွေ ကောင်းမွန်လာပါတယ်။ နယ်စပ်ကုန်သွယ်မှုတွေကို အတိုင်းအတာတစ်ခုအထိ ဖွင့်လှစ်လာနိုင်ခြင်းတွေကြောင့် လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာနိုင်ပြီး နိုင်ငံရဲ့စီးပွားရေးဟာ အနုတ်လက္ခဏာမှ အပေါင်း ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့ပါတယ်။ စီးပွားရေးမြှင့်တင်မှုတွေဆောင်ရွက်ရာမှာ ခိုင်မာတဲ့စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို အားပေးခြင်းဟာ နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းဖြစ်ပါတယ်။ MSME လုပ်ငန်းတွေကို အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်ကုန်တွေ ပိုမိုတင်ပို့နိုင်ဖို့ ကျွန်တော်တို့ပြည်သူတွေက ပိုမိုကြိုးပမ်းဆောင်ရွက်ခဲ့ရင် ဒီနှစ်ဟာ ယခင်နှစ်တွေကထက် စီးပွားရေးတိုးတက်မှုအား ပိုကောင်းလာမယ်လို့ ကျွန်တော်အပြည့်အဝ ယုံကြည်ပါတယ်။ မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရေးဟာ မဖြစ်မနေ လိုအပ်ပါတယ်။ အကြမ်းဖက်မှုဖြစ်စဉ်တွေရှိနေတဲ့ တိုင်းပြည်တွေဟာ တိုးတက်မှုနှောင့်နှေးနေမှာ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ ပြည်ထောင်စုအကျိုးကိုကြည့်ပြီး သမာသမတ်ရှိစွာ၊ ရိုးသားမှုရှိစွာ ညှိနှိုင်းဆောင်ရွက်ကြိုးပမ်းအားထုတ်မယ်ဆိုရင် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" "Keep Moving Forward to Achieve Our Goal" ဆိုတဲ့အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟာ မလွဲမသွေ ဖြစ်ပေါ်လာမှာပဲဖြစ်ပါတယ်။

အလားတူပဲ လူပုဂ္ဂိုလ်တစ်ဦး အောင်မြင်တိုးတက်ဖို့ ဆိုတာ အသိပညာ၊ အတတ်ပညာ ကြွယ်ဝမှုပေါ်မှာ တည်ပါတယ်။ ဒါဟာ လူတိုင်းအတွက် "ပညာ" တတ်မြောက်မှု လိုအပ်တယ်ဆိုတာ ဖော်ပြတာပါ။ ဒါကြောင့် ကျောင်းနေအရွယ်တိုင်း အတန်းပညာ မြင့်မားရေးကို အမျိုးသားရေးစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှု အကျိုးရလဒ်ကို ရရှိစေပါလိမ့်မယ်။

မည်သည့်ကိစ္စမဆို လူသာလျှင် အရေးကြီးဆုံးဖြစ်ပါတယ်။ လူသာလျှင် ပဓာနဖြစ်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ ကိစ္စရပ်တွေအားလုံးမှာ လူပါဝင်ဆောင်ရွက်ရတာဖြစ်ပါတယ်။ လူရဲ့ ဦးဆောင်မှု၊ လူရဲ့ လိုက်နာဆောင်ရွက်မှု၊ လူရဲ့ ပြုပြင်ဖန်တီးမှုတို့ဟာ အဓိကကျပါတယ်။ ကျွန်တော်တို့အားလုံး ကျရာကဏ္ဍကနေ မိမိတို့ရဲ့အလုပ်ကို စိတ်ပါလက်ပါ ချစ်မြတ်နိုးစွာ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့ရည်မှန်းထားတဲ့ နိုင်ငံရဲ့အောင်မြင်မှုဟာ မလွဲမသွေရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုလို ကျက်သရေမင်္ဂလာရှိတဲ့ ၁၃၈၅ ခုနှစ် နှစ်သစ်ဦးအချိန်ကာလ အခါသမယမှာ နှစ်ဟောင်းရဲ့အားနည်းချက်ကို ပြုပြင်၊ အားသာချက်တွေကို မြှင့်တင်ပြီး နိုင်ငံ့အကျိုးအတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့အားလုံး စုစည်းညီညွတ်စွာဖြင့် နိုင်ငံ၏ကောင်းရာကောင်းကျိုးကို လက်တွဲညီညီ ဆောင်ရွက်ကြပါစို့ခင်ဗျား -

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား -

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်း ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



နှစ်ဟောင်းကုန်လို့ နှစ်သစ်ရောက်တဲ့ အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပြီး နှစ်သစ်ကာလမှစတင်၍ လာမယ့်ကာလ တစ်လျှောက်လုံး မိုးလေဝသမှန်ကန်ပါစေ၊ ဆန်ရေစပါး ပေါများပါစေ၊ ရောဂါဘယ ကင်းဝေးကြပါစေ၊ မြန်မာနိုင်ငံတော်ကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်တည်ငြိမ် သာယာဝပြောပြီး ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိခံစားနိုင်ကြပါစေလို့ နှစ်သစ်ကူးဆုတောင်းစကားပြောကြားအပ်ပါတယ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူ ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား



မြန်မာပြည်ဖွား တိုင်းရင်းသား မိဘညီအစ်ကိုမောင်နှမများအားလုံးကို မင်္ဂလာနှစ်သစ်ပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

နှစ်သစ်နဲ့အတူ မြန်မာနိုင်ငံသားများအားလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိပါစေလို့လည်း ဆုတောင်းအပ်ပါတယ်။ ကျွန်မတို့ရဲ့ စိတ်နှလုံးမှာ ငြိမ်းချမ်းမှုရှိနေမှသာ ကျွန်မတို့ရဲ့လူမှုအဖွဲ့အစည်း ကျွန်မတို့နိုင်ငံနဲ့ အားလုံးဟာ ငြိမ်းချမ်းမှုရှိနေမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ စိတ်နှလုံးသားငြိမ်းချမ်းဖို့အတွက် ကျွန်မတို့တစ်ဦးချင်းစီကစလို့ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်ခြင်းနဲ့ ချစ်ခြင်းမေတ္တာရှိဖို့လိုပါတယ်။ တကယ်တော့ ခွင့်လွှတ်ခြင်းနဲ့ ချစ်ခြင်းမေတ္တာဆိုတာ လုပ်ဆောင်ဖို့ အင်မတန်ခက်ခဲတဲ့ အရာဖြစ်ပါတယ်။ အမုန်းတရားနဲ့ ခွင့်မလွှတ်ခြင်းတွေကတော့ လုပ်ဆောင်ဖို့ အင်မတန်လွယ်ကူတဲ့အရာတွေ ဖြစ်ပါတယ်။

ဒါကြောင့် မိဘညီအစ်ကိုမောင်နှမ တိုင်းရင်းသားများအားလုံးကို နှစ်သစ်နဲ့အတူ ကျွန်မတို့ရဲ့ စိတ်နှလုံးသားမှာ တစ်ယောက်နဲ့တစ်ယောက် မိသားစုအချင်းချင်းမှာ၊ မောင်နှမအချင်းချင်းထဲမှာ၊ အဖွဲ့အစည်းအချင်းချင်းထဲမှာ၊ ကျွန်မတို့နိုင်ငံထဲမှာ ချစ်ခြင်းမေတ္တာနဲ့ ခွင့်လွှတ်ခြင်းတရားတွေထားပြီး ကျွန်မတို့နိုင်ငံကို ရှေ့ဆက်သွားဖို့အရေးကြီးပါတယ်။ ဒါမှ တစ်ဦးချင်းစီ စိတ်နှလုံးမှာ ငြိမ်းချမ်းမှ ကျွန်မတို့မိသားစုတွေ ငြိမ်းချမ်းမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့အဖွဲ့အစည်း၊ ကျွန်မတို့ရဲ့ ပတ်ဝန်းကျင်၊ ကျွန်မတို့ရဲ့ မြို့ရွာ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ ဒီလို ငြိမ်းချမ်းမှုတွေကတစ်ဆင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်လို့ ပြောကြားချင်ပါတယ်။

ဒါ့ကြောင့် နှစ်သစ်မှာ ဆုတောင်းချင်တာကတော့ အားလုံးငြိမ်းချမ်းကြပါစေ၊ အားလုံးတည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်ကြပါစေ၊ အားလုံး တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာထားနိုင်ကြပါစေ၊ အားလုံး အမုန်းတရားများကို ပယ်ဖျက်ပြီး ခွင့်လွှတ်ခြင်းတရားနဲ့ရှေ့ဆက်သွားနိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်ရှင်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား ဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ ဥယျာဉ်မှတာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်မှတာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများပြုလုပ်ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းမှု ဆောင်ရွက်ခဲ့ခြင်းကြောင့် ကန်တော်ကြီးအတွင်းသို့ ရေဝင်ပေါက်များမှရေများ ပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေများ၊ ဥယျာဉ်အတွင်း ဒေသပန်းမျိုးစိုက်ကွက်များထားရှိမှု၊ ဒေသပန်းမျိုးများ သုတေသနစင်တာတည်ဆောက်၍ ဒေသပန်းမျိုးများကို စမ်းသပ်သုတေသနပြုလုပ်နေမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရေဝင်ရောက်မှုနှင့် ရေဝင်ပေါက်များ ပုံမှန်သန့်ရှင်းရေးဆောင်ရွက်နေမှု၊ သင်္ကြန်ကာလအတွင်း ပြည်သူများ လာရောက်အပန်းဖြေမှုနှင့် နှစ်စဉ်ကျင်းပပြုလုပ်သည့် ပန်းပွဲတော်များသို့ ပြည်သူများ အပန်းဖြေလာရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လိုအပ်ချက်များ လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မေမြို့ပန်း၊ ဂန္ဓမာပန်း၊ သစ္စာပန်း၊ ဒေလီယာပန်း စသည့်ပန်းများသည် ပြင်ဦးလွင်၏ နာမည်ကျော်လူကြိုက်များသည့် ပန်းများဖြစ်ကြောင်း၊ သဘာဝအလျောက် ပေါက်ရောက်နေသည့် ၁၂ ရာသီပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ သုံးစွဲရန်လိုကြောင်း၊ ဒေသမျိုးရင်းများနှင့် ပြင်ဦးလွင်၏ရာသီဥတုနှင့် ကိုက်ညီသည့် နိုင်ငံအတွင်းရှိဒေသများမှ ပန်းမျိုးများ စိုက်ပျိုးမှုတိုးတက်စေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ချယ်ရီပင်များပွင့်လန်းမှု ပိုမိုကောင်းမွန်စေရေး စနစ်တကျသုတေသနပြု ဆောင်ရွက်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ပန်းရနံ့များနှင့် သင်းပျံ့နေမည်ဆိုပါက ပြည်သူများစိတ်လက်ရွှင်လန်းစွာဖြင့် အပန်းဖြေနိုင်မည်ဖြစ်သဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ မြက်စိုက်ပျိုးရာတွင်လည်း ဘဲစားမြက်များကို ကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းပြီး စနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ ကန်တော်ကြီးအတွင်းရေဝင်ရောက်မှုများ လျော့နည်းမှုမရှိစေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း အကြံပြုပြောကြားပြီး တာဝန်ရှိသူများကို ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့်အလှပြ ပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးစဉ်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### စနစ်တကျ ပြန်လည်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် တာဝန်ရှိသူများကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ကန်တော်ကြီးအတွင်းသို့ ပလတ်စတစ်အမှိုက်များ စွန့်ပစ်မှုမရှိစေရေး အမှိုက်ပုံးများ စနစ်တကျထားရှိပေးရန်၊ ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့ဖြစ်သည်နှင့်အညီ ချယ်ရီပင်များကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စနစ်တကျ ပြန်လည်စိုက်ပျိုးရန်၊ အလားတူ အပင်ကြီးမျိုးများနှင့် စိန်ပန်းပြာအပင်များကိုလည်း စိုက်ပျိုးရန် မှာကြားသည်။

အမျိုးသားကန်တော်ကြီးအတွင်းသို့ ရေဝင်ရောက်မှုများ နည်းပါးလျက်ရှိခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများပြုလုပ်ခြင်း၊ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် *စာမျက်နှာ ၅ သို့*

❖ **မေမြို့ပန်း၊ ဂန္ဓမာပန်း၊ သစ္စာပန်း၊ ဒေလီယာပန်း စသည့်ပန်းများသည် ပြင်ဦးလွင်၏ နာမည်ကျော်လူကြိုက်များသည့် ပန်းများဖြစ်၊ သဘာဝအလျောက် ပေါက်ရောက်နေသည့် ၁၂ ရာသီပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြုဆောင်ရွက်၊ ဒေသမျိုးရင်းများနှင့် ပြင်ဦးလွင်၏ရာသီဥတုနှင့် ကိုက်ညီသည့် နိုင်ငံအတွင်းရှိ ဒေသများမှ ပန်းမျိုးများ စိုက်ပျိုးမှုတိုးတက်စေရေး ဆောင်ရွက်**

❖ **ချယ်ရီပင်များပွင့်လန်းမှု ပိုမိုကောင်းမွန်စေရေး စနစ်တကျသုတေသနပြုဆောင်ရွက်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ပန်းရနံ့များနှင့် သင်းပျံ့နေမည်ဆိုပါက ပြည်သူများ စိတ်လက်ရွှင်လန်းစွာဖြင့် အပန်းဖြေနိုင်မည်ဖြစ်သဖြင့် စနစ်တကျဆောင်ရွက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ယခုအခါ ကန်တော်ကြီးအတွင်းသို့ ရေဝင်ပေါက်များမှရေများ ပြန်လည်စီးဝင်လျက်ရှိကြောင်းသည် ယခုနှစ်သည် မြန်မာ့အတာသင်္ကြန်ကာလအတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းသို့ ပြည်သူ ၂၄၉၅၀ ဝင်ရောက်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် ပန်းပွဲတော်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွား ၃၁၇၁၁၅ ဦး ဝင်ရောက်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုက်ပါစီးနင်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း အသစ်တည်ဆောက်ထားသည့် Sky Cable Car ကို လိုက်ပါစီးနင်းကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့်အလှပြ ပြကွက်များကို ကြည့်ရှုအားပေးကာ အစာကျွေးကြပြီး ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် အပန်းဖြေစခန်းအတွင်း ပန်းခင်းများကို နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်ဖြင့် ရေဖျန်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး လာရောက် အပန်းဖြေအနားယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း လာရောက်အပန်းဖြေအနားယူနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပွဲကောက်ရေတံခွန်သည် ယခင်က စနစ်ကျသည့် အကွက်ချမှုမရှိခြင်း၊ ဈေးဆိုင်ခန်းများ များပြားလာခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ သစ်ပင်များ ခုတ်လှဲခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များအရ အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေတံခွန်အတွင်း ရေသန့်စင်စေရေး သဘာဝရေသန့်စင်စနစ်ကို အသုံးပြုထားသဖြင့် ရေကစားလိုသူများအနေဖြင့်လည်း သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာ ရေကစားမှုပြုနိုင်မည်ဖြစ်ကာ အပန်းဖြေစခန်းအတွင်း ရေတံခွန် ၃ ခုရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး LED မှန်တံတားကိုလည်း ကမ္ဘာ့အဆင့်မီစွာဖြင့် ထည့်သွင်းဆောက်လုပ်ထား၍ မှန်တံတားအောက်ခြေ ရှုခင်းများကို ရင်ခုန်စိတ်လှုပ်ရှားစွာ ခံစားနိုင်မည်ဖြစ်သည်။ ပန်းမြို့တော်၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ ပန်းမျိုးစုံကို စိုက်ပျိုးထားရှိပြီး နှစ်စဉ်ပန်းပွဲတော်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လာရောက်လည်ပတ်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး မှန်တံတား၊ ကြိုးတံတားများအပြင် log house၊ coffee shop၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများ စသည်တို့ကို ပြည့်စုံအောင် ထည့်သွင်းအဆင့်မြှင့်တင်ထားရှိသည့်အပြင် ယခုအခါတွင် အရှည် ၅၅၄ မီတာရှိ Sky Cable Way ကိုလည်း တည်ဆောက်ထားရှိကာ Sky Cable Car များကို စီးနင်း၍ သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကြောင်းနှင့် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ကာလအတွင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်လည်ပတ်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (B.E FALLS) အတွင်း နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**သတင်းစဉ်**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်)၏ နှစ်သစ်ကူးမေတ္တာပို့သလွှာ



နှစ်သစ်မှာ မြန်မာနိုင်ငံသူ/နိုင်ငံသားများ၊ ကမ္ဘာသူ/ကမ္ဘာသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ ထာဝရပြီးပြည့်စုံကြပါစေ။ စိတ်သောကတွေ ကင်းဝေးကြပါစေ။ စားဝတ်နေရေးတွေလည်း အဆင်ပြေပါစေ။ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံး မေတ္တာတရားထားနိုင်ကြပါစေ။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူးမင်္ဂလာစကား



ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တုတေ။

အလုံးစုံသော မင်္ဂလာအပေါင်းသည် အသင်သူတော်ကောင်းတို့အား ဖြစ်ပါစေသတည်း။ အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် အသင်သူတော်ကောင်းတို့အား ကောင်းစွာ စောင့်ရှောက်ကြပါစေကုန်သတည်း။ အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့၏ တန်ခိုး တေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့၏ တန်ခိုး တေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော သံဃာတော်မြတ်အပေါင်းတို့၏ တန်ခိုးတေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

ဤသည်ကား လိုလားသောဆုကို ပေးခြင်းသဘောသာတည်း။ စင်စစ်သော်ကား ဗုဒ္ဓသာသနာဟူသည် မြတ်စွာဘုရားရှင်၏ အဆုံးအမတော်သာတည်း။ ဗုဒ္ဓသာသနာအဆုံးအမစကားတော်အားဖြင့်ကား အသင်သူတော်ကောင်းတို့အား အလုံးစုံသော မင်္ဂလာအပေါင်းသည်ဖြစ်စေရန် အသင်တို့သည် ကောင်းမြတ်သောကုသိုလ် အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍ နေထိုင်ကြပါလေ။ အသင်သူတော်ကောင်းတို့အား အလုံးစုံသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည် ကောင်းစွာ စောင့်ရှောက်ကြစေရန် အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်၍ နေကြပါလေ။

အလုံးစုံသော မြတ်စွာဘုရားရှင်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော တရားတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အလုံးစုံသော သံဃာတော်မြတ်အပေါင်းတို့ကို ကြည်ညိုကြကုန်သော အသင်သူတော်ကောင်းတို့၏ တန်ခိုးတေဇောအာနုဘော်ကြောင့် လည်းကောင်း၊ အသင်သူတော်ကောင်းတို့အား အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းတို့ ရရှိကြစေရန် (အသင်တို့သည် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို) ကျင့်ကြံအားထုတ်၍ နေကြပါလေ။ ဤသို့လျှင် မြတ်စွာဘုရားအရှင်သည် သတ္တဝါအပေါင်းတို့အား လိုလားသောဆုကို ပေးခြင်းသည်သာမက ကိုယ်တိုင်ကျင့်ကြံအားထုတ်သောအားဖြင့် ကောင်းကျိုးချမ်းသာတို့ကို ကိုယ်တိုင်ရရှိခံစားနိုင်ကြစေရန် အဆုံးအမသာသနာတော်မြတ်တို့ကို သွန်သင်ဆုံးမတော်မူခဲ့ပါသည်။

ထို့ကြောင့် အသင်သူတော်ကောင်းတို့နှင့် အကျွန်ုပ်တို့သည် နှစ်သစ်ကူး အခါသမယမှ အစပြု၍ နောင်ကာလ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးတို့ကို ကြည်ညိုကြကုန်လျက် မိမိတို့ကိုယ်တိုင် ကောင်းမြတ်သော ကုသိုလ်အကျင့်တရားတို့ကို ကျင့်ကြံအားထုတ်ကြသောအားဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်လျက် မိမိကောင်းကျိုး အများကောင်းကျိုး သာသနာတော်ကောင်းကျိုး တိုင်းပြည်ကောင်းကျိုးတို့ကို ဆောင်ရွက်နိုင်ကြသော သူတော်ကောင်းတို့သည် ဖြစ်ကြလေကုန်ရာသတည်း။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်) ၏ နှစ်သစ်ကူးမင်္ဂလာစကား



အကျင့် ကောင်းလျှင် အားလုံးကောင်းမည်။ ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ဟု ဆိုအပ်သော နှစ်ဟောင်း ကုန်ပျောက်၍ ၁၃၈၅ ခုနှစ်ဟု ဆိုအပ်သော မြန်မာ့နှစ်သစ်သို့ရောက်ရှိသည့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ ယနေ့ ကျရောက်သည့် မြန်မာ့နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ်မှစ၍ နိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီး များအားလုံး ဘေးဥပါဒ် အန္တရာယ် ရန်စွယ်ဟူသမျှ၊ အနှောင့်အယှက် ဟူသမျှ ကင်းစင်ပပျောက်၍ လိုရာဆန္ဒ အဝဝတို့ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် နှစ်သစ်မင်္ဂလာကောင်းမြတ်သော အချိန်အခါ၌ မေတ္တာဖြင့် တိုက်တွန်းလိုသည်မှာ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပုဗ္ဗဏှသုတ်ပါဠိတော်မှာ

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။

သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။

ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏာ။

ဟု ဟောတော်မူခဲ့ပါသည်။ ထိုဒေသနာတော်၏ အဓိပ္ပာယ်မှာ "နံနက်အခါ၊ မွန်းတည့်အခါ၊ ညချမ်းအခါတို့၌" ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် သုစရိုက်တရားကို ကျင့်ကြကုန်သောသူတို့အား "ကောင်းသော နံနက်အခါ၊ ကောင်းသော မွန်းတည့်အခါ၊ ကောင်းသောညချမ်းအခါ"ဖြစ်၍ ထိုသုစရိုက်တရားကို ကျင့်သောသူတို့အား "နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း" အားလုံးအကောင်းချည်းဖြစ်ကြောင်း သုစရိုက်ကျင့်သောသူ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဟူသမျှသည်လည်းပဲ တိုးတက်ကြီးပွားကြောင်း အကောင်းချည်းသာဖြစ်ကြောင်း ဟောတော်မူခဲ့ပါသည်။ ထို ပုဗ္ဗဏှသုတ် - ဒေသနာတော်၌ ဟောတော်မူသည်နှင့်အညီ ယနေ့ကျရောက်သော မြန်မာတို့၏နှစ်သစ်မင်္ဂလာ အခါတော်နေ့မှစ၍ အားလုံးသော မြန်မာနိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီးအားလုံးတို့ဟာ မိမိတို့သန္တာန်၌ အမြဲတမ်း နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း - စသည်တို့နှင့် တွေ့ကြုံနိုင်ကြပြီး ကြီးပွားတိုးတက်ခြင်းစသော ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာ အဖြာဖြာတို့ ရရှိသုံးဆောင် ခံစားနိုင်ကြစေရန်နှင့် ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြစေရန် နေ့စဉ် နေ့စဉ် သုစရိုက်ဆယ်ပါး အကျင့်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကြောင်း မေတ္တာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယသာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ နှစ်သစ်ကူးသြဝါဒကထာ

သတ္တလောကကြီးတစ်ခုလုံး သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။ နှစ်ဟောင်းကို ထားခဲ့ပြီး နှစ်သစ်ကို နှုတ်ဆက်ပါတယ်၊ "လ"က အေးမြတဲ့ ရောင်ခြည်ကို နေရာမရွေးလွှတ်တယ်။ သူပုန်၊ ဓားပြနေတဲ့ တောတောင်မှာ "လ"က အလင်းရောင်ပေးသလို သူတော်ကောင်းတွေ နေတဲ့ တော၊ တောင်တွေမှာလည်း "လ"က အလင်းရောင်ပေး



တယ်။ မေတ္တာတရားဆိုတာ "လ"နဲ့ ပမာတူတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်အကူး တစ်ကမ္ဘာလုံး သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေလို့ နှုတ်ခွန်းဆက်ပါတယ်။

၁၃၈၄ ခုနှစ်ကုန်လို့ ၁၃၈၅ ခုနှစ်သို့ ကူးကြတဲ့ နှစ်ဟောင်းကို ဘာနဲ့ နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို နှုတ်ဆက်မလဲ။ နှစ်သစ်ကို ဘယ်လို ဆက်လက်လျှောက်လှမ်း မလဲဆိုတဲ့ အပေါ် အားလုံးသဘောပေါက်ဖို့လို တယ်၊ လောကကြီးတစ်ခုလုံး အားလုံး အဟောင်းနဲ့ အသစ်၊ အသစ်နဲ့ အဟောင်း၊ ပြောင်းလဲနေတာပဲဆိုတာကို လူသားတွေ သဘောပေါက်ကြဖို့လို တယ်။ အဲ့ဒါက "ဓမ္မ"ပဲ။ ဘာသာအလိုက် ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ မတူကြပေမယ့်၊ အဟောင်းအသစ် ပြောင်းလဲခြင်းတွေ အားလုံးအတူတူပဲ။ နှစ်တွေပြောင်းပြီး အသစ်တွေ ဟောင်းတာ နှစ်သစ်ရောက်သလို ခေတ်တွေ၊ စနစ်တွေဟောင်းပြီး ပြောင်းသွားပြန်တော့ ခေတ်သစ်၊ စနစ်သစ်ရောက်လာပြန်တာ။ ခေတ်တွေ၊ နှစ်တွေ ဟောင်းပြီး ပြောင်းသွားသလို၊ ပျောက်သွားသလို ပေါ်လာတဲ့ စနစ်သစ်တွေလည်း ဟောင်းပြီးတော့ ဒီလိုပျောက်နေကြမှာပဲ။

ခေတ်တွေ၊ စနစ်တွေကို တည်ဆောက်နေကြတဲ့ လူသားတွေရော၊ ဆင်းရဲသား၊ မုဆိုး၊ တံငါ၊ သူဌေး၊ သူကြွယ်၊ နိုင်ငံရေးသမား၊ ဘာသာရေးခေါင်းဆောင်တွေအားလုံးက မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ နာရီတိုင်း၊ မိနစ်မလပ်၊ စက္ကန့်မလပ် ခြေဖျားမှ ဆံပင်ဖျား တစ်လံမျှရှိတဲ့ ခန္ဓာထဲက ရုပ်တရား၊ နာမ်တရားတွေဟာ နာရီတွေပြောင်းသလို၊ နေ့ရက်တွေ ဟောင်းသလို၊ ခေတ်တွေ၊ စနစ်တွေပြောင်းသလို၊ မိမိခန္ဓာမှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကပဲ အကုန်ဟောင်းဟောင်းပြီး ပြောင်းပြောင်းပျက်နေကြတယ်ဆိုတာ အဲဒါ သင်္ခါရခေါ်တယ်၊ အဲဒီတော့ စိတ်ဟောင်းတွေ စိတ်သစ်သို့ ပြောင်းဖို့ရန်အတွက် အဲဒီသင်္ခါရကို မြင်အောင်ကြည့်နိုင်မှ ဖြစ်မယ်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတဲ့ အဲဒီ ကိလေသာ စိတ်ယုတ်မာတွေဟာ အလွန်ဟောင်းနွမ်းနေတဲ့ စိတ်တွေဖြစ်တယ်။ ကမ္ဘာဦးကတည်းက ပေါ်လာတဲ့ စိတ်တွေ၊ မွေးကတည်းက ရလာတဲ့ စိတ်ဟောင်းတွေ၊ ဒါတွေကို အသစ်ဖြစ်အောင် မလုပ်နိုင်ရင် ဘယ်တော့မှ ကမ္ဘာကြီးက သာယာချမ်းမြေ့ဖွယ်ကောင်းတဲ့ ကမ္ဘာကြီး ဖြစ်လာမှာမဟုတ်ဘူး။ အရေးအကြီးဆုံးက လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ စိတ်ညစ်၊ စိတ်ယုတ်မာ၊ စိတ်ဟောင်းတွေအကုန်လုံး သန့်ရှင်းသုတ်သင်ပြီးတော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပဆိုတဲ့ အဲဒီသူတော်ကောင်း စိတ်ဓာတ်တွေသို့ ပြောင်းနိုင်မှ အသစ်ကနေ အဟောင်းပြောင်းတာလို့ခေါ်တယ်၊ ရေလောင်းရုံနဲ့ အဲဒီစိတ်ယုတ်မာတွေက မကုန်ပါဘူး။

မြတ်စွာဘုရား ကိုယ်တော်မြတ်နဲ့ ခေတ်ပြိုင်ဘာသာရေးဂိုဏ်း တချို့က တစ်ဆောင်းတွင်းလုံး ဂင်္ဂါမြစ်၊ ယမုံနာမြစ်၊ နေရဉ္ဇရာမြစ်တို့မှာ ကိလေသာ အညစ်အကြေး ကုန်မလားလို့ ရေစိမ်နေကြတာတွေ ရှိတယ်၊ တချို့ အယူအဆကလည်း ရေမျှောရုံနဲ့ ကိလေသာမမျောပါဘူး။ တို့က မီးလှုံမယ်ဆိုပြီး နွေခေါင်ခေါင်မီးမြိုက်ပြီး ကိလေသာကို ရှို့မြိုက်နေတဲ့ လူတွေလည်းရှိတယ်၊ ဒီကနေ့အထိ အိန္ဒိယပြည်မှာ မီးလှုံခြင်း၊ ရေမျောခြင်း၊ ရေငုပ်ခြင်းဆိုတဲ့ အကျင့်တွေ ကျန်နေသေးတယ်။ အတွင်းစိတ်ဓာတ်ကို မီးရှို့လို့ မလောင်ဘူး။ ရေနဲ့ဆေးလို့ မပြောင်ဘူး။ အတာရေသင်္ကြန်ဆိုတာက အထိမ်းအမှတ် သဘောတစ်ခုပဲ။ ပြောချင်တာက ကမ္ဘာဦးကတည်းက ရလာတဲ့ စိတ်ညစ်၊ စိတ်ဟောင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေကို ဒီကနေ့အထိ အကုန်လုံးညစ်နေကြတဲ့ စိတ်ညစ်တွေကို ဆေးကြောဖို့ဆိုရင် **မြတ်စွာဘုရားဟောကြားတဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ဓမ္မသီတာရေနဲ့ ဆွတ်ဖျန်းမှ အေးချမ်းမှာ**ပါ။ ဓမ္မသီတာရေချမ်းနဲ့ ဆေးကြောမှ ဒီစိတ်ဟောင်းတွေ သစ်လွင်တောက်ပလာမှာဆိုတဲ့ အကြောင်း သတင်းကောင်းပါးအပ်ပါတယ် သူတော်ကောင်းတို့…။

**မိမိတို့ရဲ့ စိတ်ဟောင်းတွေကို ဓမ္မသီတာရေချမ်းနဲ့ ဆေးကြောပြီးတော့ စိတ်ဓာတ်အသစ်ကို ပြောင်းနိုင်ကြပါစေ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင် ၏ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ကနေ ၁၃၈၅ ခုနှစ်ကို ကူးပြောင်းတဲ့ အတာနှစ်ကူး အခါသမယမှာ အခုလို နှုတ်ခွန်းဆက်စကားပြောခွင့် ရတဲ့အတွက် အထူးပဲဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်မိပါတယ်။

ဒီလိုနှစ်သစ်ကူးအတာသင်္ကြန်ဆိုတာဟာ မြန်မာနိုင်ငံသူနိုင်ငံသား တိုင်းရင်းသား ပြည်သူလူထု ရဟန်းရှင်လူအားလုံးအတွက် အထူးပဲ အထင်ကရ အမှတ်တရဖြစ်တဲ့ နေ့ထူးနေ့မြတ် အခါသမယလည်း ဖြစ်ပါတယ်။ မြန်မာ့ရိုးရာအစဉ်အလာအရသော်လည်းကောင်း၊ ဗုဒ္ဓသာသနာတော်ရဲ့အစဉ်အလာအရသော်လည်းကောင်း နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းတဲ့အခါသမယမှာ နှစ်ဟောင်းက အညစ်အကြေးတွေကို သန့်စင်သော၊ ကြည်လင်သော သီတာရေနဲ့ ပက်ဖျန်းဆေးကြောရသလို နှစ်သစ်အတွက်လည်း အားမာန်တွေပြည့်ဖြိုးစေပြီး အားသစ်မာန်သစ်နဲ့ကောင်းမှုတွေပြုနိုင်အောင် ရည်ရွယ်သန္နိဋ္ဌာန်ချပြီး ပြုလုပ်ခဲ့တဲ့ အတာသင်္ကြန် အတာကူးတဲ့ကာလလည်း ဖြစ်ပါတယ်။

ဒီလိုအချိန်ကာလမှာ မြန်မာနိုင်ငံမှာ သမိုင်းကြောင်းနဲ့ချီပြီး ရှေးနှစ်ပေါင်းများစွာကတည်းက ဗုဒ္ဓဘာသာသာသနာဝင် သံဃာတော်များနဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ မိမိတို့ရဲ့ ကုသိုလ်ရေး၊ သံသရာရေးအတွက် ကောင်းမှုကုသိုလ်တွေပြုလုပ်ပြီး ပြည်သူပြည်သားများ အားလုံးကလည်း သက်ကြီးရွယ်အိုတွေကို ဂါရဝပြုတာတွေကအစ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ရင်း အတာသင်္ကြန်ရေနဲ့ ဆေးကြောပြီး နှစ်သစ်ကိုကြိုဆိုကြတဲ့ ကောင်းမြတ်တဲ့ သမိုင်းဝင် အစဉ်အလာရှိတဲ့ပွဲတော်ကြီးလည်း ဖြစ်ပါတယ်။

ဒီလိုပွဲတော်မှာ မိမိတို့နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားအားလုံးဟာ လာမယ့်နှစ်သစ်မှာ အားသစ်မာန်သစ် စိတ်သစ်လူသစ်နဲ့ မိမိတိုင်းနိုင်ငံကောင်းကျိုးအတွက်သော်လည်းကောင်း၊ ဘာသာသာသနာကောင်းကျိုးအတွက်သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်အောင်သန္နိဋ္ဌာန်တွေချပြီး နှစ်သစ်ကို ကြိုဆိုကြရမှာ ဖြစ်ပါတယ်။

နှစ်ဟောင်းမှာကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို ဖော်ထုတ်ပြီး နှစ်သစ်မှာ စိတ်သစ်ကိုယ်သစ် အားမာန်သစ်နဲ့ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ဘာသာသာသနာထွန်းကားရေး ကိစ္စရပ်တွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအနေနဲ့ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတစ်ရပ်အဖြစ်ကို ရောက်ရှိအောင် အားလုံးဝိုင်းဝန်းတည်ဆောက်နေကြတဲ့ အခါသမယဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နဲ့ ဦးတည်ချက် ၁၂ ရပ် ပြည့်ဝအောင်မြင်ဖို့အတွက် အားလုံး အားကြိုးမာန်တက် အားသွန်ခွန်စိုက်ကြိုးပမ်းသွားကြဖို့လို အပ်ပါတယ်။

ဒီခေတ် ဒီအချိန် ဒီအခါမှာ မြန်မာနိုင်ငံမှာရှိနေတဲ့ လူတန်းစား အသီးသီး လူထုလူတန်းစားအားလုံးဟာ နှစ်သစ်ကို အားသစ်မာန်သစ်နဲ့ကြိုဆိုနေကြတာဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေဟာလည်း အတန်းသစ်ကို တက်ကြရမယ်၊ အထက်တန်းကျောင်းသားတွေကလည်း တက္ကသိုလ်ပညာတွေ တက်လှမ်းကြရတော့မယ်၊ တက္ကသိုလ်ကဘွဲ့ရသွားတဲ့ လူငယ်လူရွယ်တွေကလည်း လုပ်ငန်းခွင်ကို ဝင်ကြတော့မယ်။ လုပ်ငန်းခွင်မှာရှိတဲ့ ဝန်ထမ်းတွေကလည်း တစ်နှစ်ပြီးတစ်နှစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် တက်လှမ်းကြိုးစားအားထုတ်ကြတဲ့အခါသမယလည်းဖြစ်တဲ့အတွက် နိုင်ငံကောင်းကျိုးသယ်ပိုးရင်း ဘာသာသာသနာထွန်းကားပြန့်ပွားရေးနဲ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေ အောင်မြင်ရေးအတွက် အားလုံးတက်ညီလက်ညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုထမ်းဆောင်နိုင်ဖို့အတွက် အားလုံးကြိုးပမ်းပြီး စည်းလုံး ညီညွတ်စွာနဲ့ မိမိတို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေကို ပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေကြောင်း



ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကမ္ဘာ့အလယ်မှာ ရင်ပေါင်တန်းနိုင်ပြီး မိမိတို့ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို စောင့်ထိန်း ထိန်းသိမ်းပြီး နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ မြင့်မားစွာ ကမ္ဘာ့အလယ်မှာ အဆင့်အတန်းမီစွာ ရပ်တည်နိုင်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်နေတဲ့ အချိန်ကာလမှာ ပြည်သူ ပြည်သားအားလုံးအနေနဲ့ အထူးကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ကြောင်း ပြောကြားရင်း နှစ်သစ်ကို ဂုဏ်ယူစွာ ကြိုဆိုရင်း ပြည်သူ ပြည်သားအားလုံးကို နှုတ်ခွန်းဆက်စကားပြောကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစု ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲ အခမ်းအနားများကျင်းပ

နေပြည်တော် မေ ၁၇

**ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဆန်း ၁ ရက် ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ နှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့် ဇနီးတို့ ဦးဆောင်ကာ ရွှေဝါငါးကြင်း အကောင်ရေ ၃၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါန အဖြစ် ကုသိုလ်ပြု လွှတ်ပေးကြသည်။**(ယာပုံ)**

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ သက်ကြီးဘိုးဘွားများ ကန်တော့ပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့် ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင် ထွန်းဦးနှင့် ဇနီး၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်း များ၏ အတူနေမိသားစုဝင် အသက်(၈၀)နှစ်နှင့် အထက် အဘိုးအဘွား ၇၉ ဦးတို့အနက် အခမ်းအနား သို့ တက်ရောက်နိုင်သူ အဘိုး ရှစ်ဦး၊ အဘွား ၁၀ ဦး စုစုပေါင်းအဘိုးအဘွား ၁၈ ဦးတို့ကို ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင် ကာ မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းပူဇော်



ကန်တော့ကြရာ ကန်တော့ခံအဘိုးအဘွားများ ကိုယ်စား အဘွားဒေါ်ခင်စန်းရီက ဆုတောင်းမေတ္တာ စကား ပြန်လည်ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် အသက်(၈၀) နှင့် အထက် အဘိုးအဘွား ၇၉ ဦး တို့ကို ငွေသားအပါ အဝင် အသုံးအဆောင်ပစ္စည်းနှင့် ဆေးဝါးပစ္စည်း များကို ဂါရဝပြု လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဆန်း ၁ ရက် မြန်မာ နှစ်သစ်ကူး အခါသမယနေ့၌ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကို ယနေ့ နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာ ကန်တော်၌ ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်း အနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင် စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီး ရာပြည့်နှင့် ဇနီး**(အပေါ်ပုံ)**၊ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေး မှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ဇနီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ် ကြီး အေးဝင်းနှင့် ဇနီး၊ အခွန် အယူခံ ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ပြီး ရွှေဝါငါးကြင်း ကောင်ရေ ၂၇၀၀ ကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့် ဒဏ်ရာရလူနာများ ကြည့်ရှုအားပေး

**နေပြည်တော် မေ ၁၇**

၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန် ပွဲတော် (သင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ ကယား ပြည်နယ်အစိုးရအဖွဲ့ရုံး ဗဟိုမဏ္ဍပ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် ကျင်းပနေစဉ် KNPPအဖွဲ့၊ လွိုင်ကော် PDF နှင့် Falcon Wings အမည်ခံ အကြမ်းဖက်အဖွဲ့များက Drop Bomb ဖြင့် ယုတ်မာရက်စက်စွာ ပြစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ရာ အဆိုပါ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအချို့ကို လွိုင်ကော်မြို့ ပြည်သူ့ ဆေးရုံကြီးမှ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်သို့ လွှဲပြောင်းပို့ဆောင်၍ ဆေးကုသခံယူစေလျက်ရှိသည်။

အဆိုပါ ဆေးကုသမှုခံယူသူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စေတနာရှင်များက ယနေ့ နံနက်ပိုင်းတွင် အမှတ်(၂) တပ်မတော် ဆေးရုံ (ခုတင်-၁၀၀၀) နေပြည်တော်သို့သွားရောက်၍ ထိခိုက်ဒဏ်ရာရရှိထားသော ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား တစ်ဦးချင်းတွေ့ဆုံအားပေး စကားများ ပြောကြားကာ ထောက်ပံ့ငွေနှင့် အသုံး အဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရ သည်။

သတင်းစဉ်





# လက်ပံတန်းမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**လက်ပံတန်း မေ ၁၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြန်မာနှစ်ဆန်း ၁ ရက် တွင် မြန်မာရိုးရာအစဉ်အလာ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်က ဘုရားကြီးကျောင်းတိုက်ပရိဝုဏ်၌ ကျင်းပသည်။**(ဝဲပုံ)**

အဆိုပါ ငါးလွှတ်ပွဲသို့ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းအဖွဲ့ဝင် များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များသည် လက်ပံတန်းမြို့ စိန်သီဘိုးဘွားရိပ်သာ၌ မြို့နယ် အတွင်းရှိ သက်ကြီးဘိုးဘွား ၆၁ ဦးတို့အား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒ်ဘေးဒဏ် ရန်အသွယ်သွယ် အန္တရာယ်အဝဝ ကင်းစင်ပပျောက်စေနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**



အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ၊ နေပြည်တော်တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးသည် ငုရွှေဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ သစ်သီး ပန်းမန်များဖြင့် ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ထံမှ တက်ရောက်လာသည့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

ဥပဒေရေးရာဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်း မိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူသည့် အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရုံးရှေ့ပရဝဏ်၌ ကျင်းပရာ ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်တို့ထံမှ ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။**(ယာပုံ)**



ထို့နောက် ပင့်သံဃာတော်အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များ ဆက်လက်ချီးမြှင့်ပြီး ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ အဘိုးအဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**ရွှေတောင် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ ဘိုးဘွားရိပ်သာတွင် ယနေ့နံနက်ပိုင်းက မြို့နယ် ကျန်းမာရေး ဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။



အဆိုပါ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၁၉ ဦးနှင့် ဘိုးဘွားရိပ်သာတာဝန်ခံနှင့် ဝန်ထမ်း ခုနစ်ဦးတို့အား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်နှင့် ကျန်းမာရေးဝန်ထမ်းများက ထပ်ဆောင်းကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်းများ၊ သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခြင်း၊ အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုများ ကုသပေးခြင်း၊ အပူဒဏ်ကာကွယ်ရေး၊ သွေးတိုး၊ ဆီးချို ကာကွယ်ခြင်းများ အကြောင်း ကျန်းမာရေး အသိပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# သာစည်မြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**သာစည် ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ၊ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် သက်ကြီးဘိုးဘွားများအား အိမ်အရောက်လိုက်လံ ပူဇော် ကန်တော့ခြင်းများကို ယနေ့နံနက်က ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မင်းလှကန်အတွင်းသို့ ငါးသားပေါက် မျိုးစုံကောင်ရေ တစ်သောင်းကို ဇီဝိတဒါန လွှတ်ပေးခဲ့သည်။ ဆက်လက်ပြီး သာစည်မြို့အမှတ် (၆) ရပ်ကွက် သာယာကုန်း ကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့ပေါ် ခုနစ် ရပ်ကွက်ရှိ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွား ၃၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အိမ်အရောက် လိုက်လံကန်တော့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၉ /၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )
ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၉၈ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ – **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ရခိုင်ပြည်နယ်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူ ၁၇၃ ဦးလွတ်မြောက်

**စစ်တွေ ဧပြီ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ အမိန့်အမှတ် (၂၈/၂၀၂၃) ဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ–၄၀၁၊ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပေးလိုက်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူ ၁၇၃ ဦး လွတ်မြောက်ကြောင်း သိရသည်။

ထို့သို့ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့် ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ၁၇ ဦး၊ ဘူးသီးတောင် အကျဉ်းထောင်မှ အကျဉ်းသား ၇၆ ဦး၊ အကျဉ်းသူ ၄၈ ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ၁၅ ဦး၊ အကျဉ်းသူ လေးဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦး စုစုပေါင်း ၁၇၃ ဦး လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**



# ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၀ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )
ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အောက်ပါ သီရိလင်္ကာနိုင်ငံသား ၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **“ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်–

| | | |
|---|---|---|
| ( ၁ ) | အစ / ၂၃/၀၂၅၁၉ / က | Mr. R.R. GAMINI |
| ( ၂ ) | အစ / ၂၃ / ၀၂၅၂၀ / က | Mr. M.M.R.D DILSHAN |
| ( ၃ ) | အစ / ၂၃ / ၀၂၅၂၁ / က | Mr. L.S.J NANAYAKKARA |
| ( ၄ ) | အစ / ၂၃ / ၀၂၅၂၂ / က | Mr. V.G.L.R KUMARA |
| ( ၅ ) | အစ / ၂၃ / ၀၂၅၂၃ / က | Mr. L.H.N KARUNASINGHE |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး



## တောင်ငူ (၄)မိုင် အကျဉ်းထောင်မှ အကျဉ်းသားများအား ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပေး

**တောင်ငူ ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြစ်ဒဏ်ကျခံနေကြသည့် အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွှတ်ငြိမ်းခွင့် ပြုခဲ့ရာ ယနေ့နံနက်ပိုင်းက တောင်ငူ (၄)မိုင် အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၂ ဦး အား ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့သည်။

တောင်ငူ (၄) မိုင် အကျဉ်းထောင်မှ စခန်းတာဝန်ခံ ဦးစီးအရာရှိ အောင်စောလင်း၊ အမှတ် (၃) နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇမ်ခန်းတွှောင်၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယစုံစမ်းရေးမှူး ဦးကျော်ရဲနိုင်၊ သတင်းရဲတပ်ဖွဲ့မှ ရဲအုပ် အေးမင်းနိုင်၊ ဆိတ်ဖူးတောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးညွန့်တို့က ဆုံးမသြဝါဒ စကားပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်း အသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၃၀၁၅ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား အကျဉ်းသူ ၉၈ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသား အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှလည်းကောင်း၊ စခန်းများမှ လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသော လုပ်အားခဆုငွေများကို အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှလည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသားများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်/ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူ့ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကားပြောကြား၍ ထောင်လွှတ်လက်မှတ် ပေးအပ်ခဲ့သည်။

ပြစ်ဒဏ်မှ လွှတ်ငြိမ်းခွင့်ရရှိသူ ၃၁၁၃ ဦးအနက် ကချင်ပြည်နယ်မှ ၁၂၅ ဦး၊ ကယားပြည်နယ်မှ ၁၁ ဦး၊ ကရင်ပြည်နယ် မှ ၈၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၇၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၄၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၉၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၅၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၄၇ ဦး၊ မွန်ပြည်နယ်မှ ၃၉၈ဦး၊ ရခိုင်ပြည်နယ်မှ ၁၇၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၇၇ ဦး၊ ရှမ်းပြည်နယ်မှ ၁၅၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၈၂ ဦးအား လွှတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ် လွှတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံခြားသား (သီရိလင်္ကာနိုင်ငံသား) အကျဉ်းသား ငါးဦးတို့ကို နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းကန့်သတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့တွင် မြန်မာနှစ်ဆန်း (၁) ရက်နေ့၌ သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်း ကောင်းမှုကုသိုလ်ပြု အခမ်းအနားများကျင်းပ

မန္တလေး မေ ၁၇

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနှစ်ဆန်း (၁) ရက်နေ့၌ သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက်(၉၀)နှင့်အထက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်း စသည့် ကောင်းမှုကုသိုလ်ပြုလုပ်သည့် အခမ်းအနားများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမနှင့် ခန်းမရှေ့တို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



## ပရိတ်တရားတော်များကို နာယူကြည်ညို

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) စလင်းဝိဘဇ္ဇဝါဒီဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ အမှူးပြုသော လေးပြင်လေးရပ်မှ ပင့်သံဃာ ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်းအခမ်းအနားကို မြို့တော်ခန်းမတွင် ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးပြီး စလင်းဝိဘဇ္ဇဝါဒီ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆရာတော် သံဃာတော်များအတွက် လှူဒါန်းသည့် နဝကမ္မဝတ္ထုငွေများကို စလင်းဝိဘဇ္ဇဝါဒီ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီးနောက် ရေစက်ချအနုမောဒနာ တရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပြီးနောက် အရုဏ်ဆွမ်းများ ဆက်ကပ်ကြသည်။

## ဆွမ်းဆန်စိမ်းလောင်းလှူ

ယင်းနောက် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို မြို့တော်ခန်းမရှေ့တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) စလင်းဝိဘဇ္ဇဝါဒီဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ အမှူးပြုသော လေးပြင်လေးရပ်မှ ပင့်သံဃာ ၁၀၈ ပါးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဇနီး **(အပေါ်ပုံ)**၊ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့မိမြို့ဖ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြပြီးနောက် ဇီဝိတဒါနကုသိုလ်အဖြစ် ကျုံးရေပြင်အတွင်း ငါးအကောင်ရေ ၃၀၀၀၀ ကို လွှတ်ပေးကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ အသက်(၉၀)နှင့်အထက် အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မြို့တော်ခန်းမတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ဇနီး တက်ရောက်ဂါရဝပြုကာ အဘိုးအဘွားများအတွက် ဂုဏ်ပြုကန်တော့ငွေများ လှူဒါန်းခဲ့သည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက အဖွင့်ဂုဏ်ပြုစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်၊ ၎င်းတို့၏ဇနီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တက်ရောက်လာကြသူများက အဘိုးအဘွားများကို ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအဘိုးအဘွားများအား ဂါရဝပြုကန်တော့ငွေများနှင့် ကန်တော့ပစ္စည်း ပေးအပ်လှူဒါန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်ဇနီးတို့က ဂါရဝဂုဏ်ပြုကန်တော့ ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဂါရဝပြုကန်တော့ငွေများနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သသည်။

## ငါးပါးသီလခံယူဆောက်တည်

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော် နာယူကြည်ညိုခြင်း ရေစက်ချအခမ်းအနားသို့ တက်ရောက်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ စမ္ပါယ်ရုံမိုးကုတ်ရိပ်သာကျောင်း ဆရာတော်ဘဒ္ဒန္တကစ္စာယန (မဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ စမ္ပါယ်ရုံမိုးကုတ်ရိပ်သာ ကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များ ရွတ်ပွားချီးမြှင့်သော အန္တရာယ်ကင်းပရိတ်တရားတော်မြတ်နှင့် အနန္တရာယိက ကမ္မဝါများကို နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စမ္ပါယ်ရုံဆရာတော်ဘုရားထံမှ ရေစက်ချနှင့် အနုမောဒနာတရားနာယူ ကြည်ညိုပြီး ရေစက်ချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၅) ကြိမ်မြောက် နှစ်သစ်မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲမင်္ဂလာ ကျင်းပ

နေပြည်တော် မေ ၁၇

**(၁၅) ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

## ပရိတ်တရားတော်များ နာယူကြည်ညို

အခမ်းအနားတွင် ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးတင်ဦးလွင် အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်တော်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးကိုးပါးအား ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များကို တစ်ပါးလျှင် ၄၅ ဆူနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းလောင်း အမျှပေးဝေ

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

## စုပေါင်းငါးလွှတ်

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျင်းပသည့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်အတွင်း ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ သွားရောက်၍ ဆည်ရေပြင်အတွင်း ရွှေဝါငါးကြင်း အကောင်ရေ ခြောက်သောင်းနှစ်ထောင်၊ ငါးမြစ်ချင်း အကောင်ရေ တစ်သောင်း စုစုပေါင်း ငါးအကောင်ရေ ခုနစ်သောင်း နှစ်ထောင်တို့ကို ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်း သိရသည်။




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး၊ တာဝန်ရှိသူများ ရန်အောင်မြင်ဆည်အတွင်းသို့ စုပေါင်းငါးလွှတ်စဉ်။

သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့က သွားရောက်ဖူးမြော်

**မန္တလေး ဧပြီ ၁၇**

မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးရှိ မန်းတောင်ရိပ် အထွေထွေရောဂါကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူသီတင်း သုံးတော်မူနေသည့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးမောင်ကို၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး စည်ပင်သာယာ ရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းတို့က ယမန်နေ့ ညနေပိုင်း၌ သွားရောက်ဖူးမြော်ကြ သည်။

**စနစ်တကျဆောင်ရွက်ကုသပေးနေ**

ဦးစွာ ဆရာတော်ကြီးအား ဖူးမြော်ကြပြီး နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို နှင့်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာဝင်းနိုင်နှင့် အထူးကုဆရာဝန်ကြီး များက ဆရာတော်ကြီး၏ ကျန်းမာရေးတိုးတက် ကောင်းမွန်နေသည့်အခြေအနေ၊ အနီးကပ်ကြီးကြပ် ကာ စနစ်တကျ ဆောင်ရွက်ကုသပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများ နှင့် ပတ်သက်၍ အထူးဂရုစိုက်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**အထူးကုဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ်**

ယခုအခါ ဆရာတော်ကြီးမှာ သက်တော် (၉၄) နှစ်၊ သိက္ခာတော်(၇၄)ဝါရှိပြီး မန်းတောင်ရိပ် အထွေထွေရောဂါ ကုသဆောင် (ကိုးထပ်ဆေးကုသ ဆောင်) ငါးထပ်ရှိ အထူးသီးသန့်ခန်းတွင် လိုအပ်



သော ကျန်းမာရေးစောင့်ရှောက်မှုများကို အထူးကု ဆရာဝန်ကြီးများက အနီးကပ်ကြီးကြပ် ဆောင်ရွက် ပေးလျက်ရှိရာ ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များ၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၊ ဇီဝိတဒါန ငါး၊ ငှက်လွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲများ ပြုလုပ်

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ ဖြစ်သော ယနေ့တွင် နှစ်ဦး ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ခြင်း၊ အန္တရာယ်ကင်း ပရိတ် တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါး၊ ငှက်လွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်



ကန်တော့ခြင်းတို့ကို တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်များ နှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ပြုလုပ်ကြသည်။

**ဆွမ်းဆန်စိမ်းများလောင်းလှူ**

အန္တရာယ်ကင်း ပရိတ်တရား တော်များ ရွတ်ဖတ်ပူဇော်ခြင်း ကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ မြို့နယ်များရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ ၌ သံဃာတော်များက ရွတ်ပွား ပူဇော်ချီးမြှင့်တော်မူကြရာ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက သီလ ခံယူဆောက်တည်၍ ပရိတ်တရား တော်များကို နာယူကြပြီး သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆွမ်း ဆန်စိမ်းများ ဆက်ကပ် လောင်း လှူကြသည်။

**ပရိတ်တရားတော်များနာယူ**

အလားတူ တိုင်းစစ်ဌာနချုပ် များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး ရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာ များ၌ သံဃာတော်များကရွတ်ပွား ပူဇော် ချီးမြှင့်တော်မူကြရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများက သီလခံယူဆောက် တည်၍ ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ထို့ပြင် မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဇီဝိတဒါန စုပေါင်းငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော် ကန်တော့ခြင်း၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး နှစ်သစ်အခါသမယကို ကြိုဆို

**မန္တလေး ဧပြီ ၁၇**

ယနေ့ကျရောက်သော နှစ်သစ် ကူးပြောင်းသည့် မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ မြို့နယ်၊ ရပ်ကွက်များ၌ သံဃာတော် များအား ဆွမ်းဆက်ကပ်လှူဒါန်း ကြသူများ၊ သီတင်းသီလ ဆောက်တည်ကြသူများ နှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများ ဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက် အရုဏ်တက် မှစ၍ မဟာမုနိရုပ်ပွားတော်မြတ် ကြီးအား မျက်နှာသစ်တော် ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မန္တလေး ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရား ဖူးလာ ပြည်သူများက ရွှေသင်္ကန်း ကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော် ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ရုပ်ပွား တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ငါးကန်တွင် ဇီဝိတဒါနငါးလွှတ် ခြင်း၊ အစာကျွေးခြင်းစသည့် ကောင်းမှုအစုစုတို့ကို ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာမပျက် ထိန်းသိမ်း စောင့်ရှောက်လျက် ကုသိုလ်ဘာဝနာ ပွားများကြ သူများဖြင့် စည်ကားလျက် ရှိသည်။

ထို့ပြင် အောင်တော်မူမြတ်စွာ ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရား နီဘုရား၊ စွယ်တော်မြတ်စေတီ၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီး ဘုရား၊ ကျောက်စိမ်းစေတီတော် စသည့်ဘုရားတို့တွင်လည်းဘုရား ဖူးလာပြည်သူများဖြင့် စည်ကား လျက်ရှိရာ စေတနာရှင် အလှူရှင် များက စတုဒိသာအကျွေးအမွေး များဖြင့် ဧည့်ခံခဲ့ကြသည်။

မန္တလေးတိုင်း ဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာများ နှင့် လူမှုရေးအသင်းအဖွဲ့များ ကလည်းတိရစ္ဆာန်များအားဘေးမဲ့ လွှတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ် ခြင်းနှင့် သက်ကြီးဘိုးဘွားများ အား တစ်ကိုယ်ရေ သန့်ရှင်းမှု ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြု အလှူပစ္စည်းများ ထောက်ပံ့ခြင်းစသည့် ကုသိုလ်ဒါန များကိုလည်း ပြုလုပ်ခဲ့ကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့ အတွင်းရှိ ရပ်ကွက်များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာ တော်များ ပင့်ဖိတ်၍ အန္တရာယ် ကင်း ပရိတ်တရားတော်များ၊ ကမ္မဝါစာများ နာကြားကြပြီး



နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွား စေရန် ကုသိုလ်ပွားများကြကာ မြန်မာနှစ်ဆန်း (၁) ရက် နှစ်သစ် မင်္ဂလာ အခါသမယနေ့တွင် မန္တလေးမြို့တော် တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**မောင်အေးချမ်း**

# ဂျပန်ဝန်ကြီးချုပ်ကို ဖောက်ခွဲရေးပစ္စည်းဖြင့် တိုက်ခိုက်သူအား စုံစမ်းစစ်ဆေးနေပြီ

တိုကျို ဧပြီ ၁၇

**ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ ကို ဖောက်ခွဲရေးပစ္စည်းတစ်ခုဖြင့် ပစ်ပေါက်ခဲ့သည် ဆိုသည့် စွပ်စွဲချက်ဖြင့် ဂျပန်ရဲတပ်ဖွဲ့က အသက် ၂၄ နှစ်ရှိ အမျိုးသားတစ်ဦးကို ဧပြီ ၁၇ ရက်က အစိုးရရှေ့နေများထံ လွှဲအပ်ခဲ့သည်။**



သံသယတရားခံကို လက်ရဖမ်းမိရန် ကြိုးစားနေစဉ်။

သံသယရှိသူသည် နှုတ်ဆိတ်နေဆဲဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောသည်။ ဝန်ကြီးချုပ်ကီရှီဒါသည် နိုင်ငံအနောက်ပိုင်း ဝါကာယာမာမြို့ရှိ ငါးဖမ်းဆိပ်ကမ်းတစ်ခု၌ မိန့်ခွန်းပြောမည့်အချိန်တွင် အဆိုပါကိစ္စဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သံသယရှိသူကို အခင်းဖြစ်ပွားရာနေရာ၌ ချက်ချင်းဖမ်းဆီးနိုင်ခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းသည် သတ္တုဖြင့် ပြုလုပ်ထားသော ပိုက်ဖုံးတစ်ခုဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ပိုက်ဖုံးပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများကို သံသယရှိသူ၏နေအိမ်၌ တွေ့ရှိပြီးနောက် သံသယရှိသူသည် အဆိုပါပိုက်ဖုံးကို ၎င်းကိုယ်တိုင် ပြုလုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ယုံကြည်လျက်ရှိသည်။

ထို့အပြင် ရဲတပ်ဖွဲ့သည် ဖောက်ခွဲရေးပစ္စည်းများ မည်သည့်နေရာက ရရှိသည်ဆိုသည့် အချက်နှင့် အဆိုပါ ဖောက်ခွဲရေးပစ္စည်းကို မည်သို့ပြုလုပ်ကြောင်းစသည့် အချက်များကို သိရှိနိုင်ရန် သံသယရှိသူ၏ ကွန်ပျူတာနှင့် ဆဲလ်ဖုန်းတို့ကို စစ်ဆေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံရေးမဲဆွယ်စည်းရုံးပွဲတစ်ခု၌ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး ပစ်သတ်ခံရပြီးနောက်ပိုင်းတွင် ယခုကိစ္စသည် ပထမဆုံးဖြစ်ပေါ်လာသည့် ကိစ္စဖြစ်သည်။

အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် မက်ဆုနိုဟီရိုကာဇူက အမျိုးသားရဲတပ်ဖွဲ့နှင့် ဒေသရဲတပ်ဖွဲ့တို့သည် လိုအပ်သော ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိကြောင်း ဧပြီ ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**





အပူလွန်ကဲချိန်တွင် အခမ်းအနားကျင်းပနေပုံကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ၌ အပူလွန်ကဲမှုဒဏ်ကြောင့် လူ ၁၁ ဦး သေဆုံးပြီး ၄၀ ကျော်ကို ဆေးရုံသို့ပို့ဆောင်

**နယူးဒေလီ ဧပြီ ၁၇**

အိန္ဒိယနိုင်ငံ အနောက်ပိုင်း မဟာရက်ရှ်တရာပြည်နယ်ရှိ အစိုးရက မကထပြုလုပ်သော ဆုပေးပွဲအခမ်းအနား တက်ရောက်ပြီးနောက် အပူဒဏ်ကြောင့် လူ ၁၁ ဦးသေဆုံးခဲ့ပြီး ၄၀ ကျော်ကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဧပြီ ၁၇ ရက်က အရာရှိများက ပြောသည်။

အဆိုပါ အခမ်းအနားကို နာဗီမွမ်ဘိုင်းဒေသ လဟာပြင်ကွင်းတွင် ဧပြီ ၁၆ ရက်က ကျင်းပခဲ့သည်။ အဆိုပါ ဆုပေးပွဲကို နေခြစ်ခြစ်တောက် ပူလောင်မှုအောက်တွင် ငါးနာရီကြာကျင်းပခဲ့ကြပြီး လူပေါင်းထောင်ချီ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား ပြီးနောက် ပြည်သူများသည် ရေဓာတ်ခန်းခြောက်မှုနှင့် တခြားအပူနှင့် ပတ်သက်သော ဝေဒနာများကို ညည်းညူခဲ့ကြသည်ဟု အစိုးရအရာရှိတစ်ဦးက ပြောသည်။ ကံမကောင်းစွာဖြင့် လူ ၁၁ ဦး သေဆုံးခဲ့ပြီး ၄၄ ဦးကို ဆေးရုံပို့ခဲ့ရသည်ဟု အရာရှိများက ဆက်လက် ပြောကြားသည်။

လူနာများသည် အဓိကအားဖြင့် အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် တခြားအပူနှင့်ပတ်သက်သော ဝေဒနာများကို ခံစားခဲ့ရကြောင်း ဆရာဝန်များက ပြောသည်။ အခမ်းအနား ကျင်းပသူများသည် အရေးကြီးပုဂ္ဂိုလ်များအတွက် အမိုးအကာများ၊ စင်များ ဖန်တီးပေးခဲ့ပြီး တခြားအခမ်းအနားပွဲ တက်ရောက်သူများအတွက် နေရောင်ခြည်တိုက်ရိုက်ကျဆင်းမှုမှ ကာကွယ်ပေးမည့် မည်သည့်အမိုးအကာမှ ဖန်တီးပြုလုပ်ပေးခြင်း မရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

နာဗီမွမ်ဘိုင်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းနှင့် အနီးကပ်တည်ရှိသော မြို့တစ်မြို့ဖြစ်ပြီး မွမ်ဘိုင်းမြို့တော်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ အခမ်းအနားကျင်းပပြုလုပ်ချိန်တွင် အဆိုပါနေရာ၌ အပူချိန်သည် ၃၈ ဒီဂရီဆဲလ်စီးယက်စ်အထိ ရှိကြောင်း သိရသည်။

အပူချိန် လွန်ကဲခြင်းကြောင့် ကျန်းမာရေးကျွမ်းကျင်သူများက ပြည်သူများကို နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှုမှ ကာကွယ်ရန်နှင့် အထူးသဖြင့် အပူချိန်အမြင့်ဆုံးဖြစ်သည့် နေ့လယ်ချိန်များတွင် နေရောင်ခြည်တိုက်ရိုက်မထိတွေ့ရန်အကြံပြုထားသည်။ **ဆင်ဟွာ**

## ကွာလာလမ်ပူအပါအဝင် မလေးရှားနိုင်ငံဒေသအတော်များများတွင် လေထုအရည်အသွေး ကျဆင်း

**ကွာလာလမ်ပူ ဧပြီ ၁၇**

မြို့တော် ကွာလာလမ်ပူအပါအဝင် မလေးရှားနိုင်ငံဒေသအတော်များများတွင် လေထုအရည်အသွေးသည် ကျန်းမာရေးနှင့် မလျော်ညီသည့် အဆင့်အထိ ကျဆင်းလာပြီဖြစ်ကြောင်း အစိုးရသတင်းအချက်အလက်များအရသိရသည်။

လေထု အရည်အသွေး အဆိုးဆုံးကျဆင်းသော ဒေသများမှာ ပီနန်ပြည်နယ်နှင့် ကွာလာလမ်ပူတို့ဖြစ်ကြသည်။ အဆိုပါနေရာများတွင် လေထုအရည်အသွေးအညွှန်းကိန်းသည် ၁၅၁ ထိရောက်ရှိခဲ့ကြောင်း နိုင်ငံ၏လေထုညစ်ညမ်းမှုအညွှန်းကိန်းစီမံခန့်ခွဲမှုစနစ်အဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏ လေထုအရည်အသွေး အဆင့်သတ်မှတ်ချက်အရ ၀ မှ ၅၀ အထိသည် အကောင်းဆုံးအဆင့်ဖြစ်သည်။ ၅၁ မှ ၁၀၀ အထိသည် အလယ်အလတ်ဖြစ်ပြီး ၁၀၁ မှ ၂၀၀ ကြားသည် ကျန်းမာရေးနှင့် မလျော်ညီသည့်အဆင့်ဖြစ်သည်။ ထို့အပြင် ၂၀၁ မှ ၃၀၀ အထိသည် အလွန်ကျန်းမာရေးနှင့် မလျော်ညီသည့်အဆင့်ဖြစ်ပြီး ၃၀၁ အထက်သည် အန္တရာယ်အလွန်ရှိသော အဆင့်ဖြစ်သည်။ **ဆင်ဟွာ**

## အမေရိကန်၌ မွေးနေ့ပါတီတစ်ခုအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၈ ဦး ထိခိုက်ဒဏ်ရာရ

**ဝါရှင်တန် ဧပြီ ၁၇**

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ် မြို့ငယ်လေး တစ်မြို့ဖြစ်သည့် ဒါဗီးလ်မြို့ရှိ မွေးနေ့ပွဲပါတီတစ်ခု၌ ဧပြီ ၁၅ ရက်ညပိုင်းက သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ လေးဦး သေဆုံးပြီး ၂၈ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဒါဗီးလ်ရဲချုပ်၏ တောင်းဆိုချက်အရ ၎င်းတို့၏ အထူးအေးဂျင့်များသည် သေဆုံးမှုကို စုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း အလာဘားမားဥပဒေစိုးမိုးရေး အေဂျင်စီ (အေအယ်အီးအေ) က ဧပြီ ၁၇ ရက်က ဖေ့စ်ဘွတ်ခ်တွင် ရေးသားခဲ့သည်။

သေဆုံးသူများအနက် တစ်ဦးမှာ ဖီးလ်စတာဗီးယပ်စ် ဒေါ်ဒဲလ် ဆိုသူ ပါဝင်ပြီး ၎င်းမှာမွေးနေ့ရှင်မိန်းကလေး၏ အစ်ကိုတော်စပ်သူဖြစ်ကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၂၈ ဦးအနက် အချို့မှာ စိုးရိမ်ရသော အခြေအနေတွင် ရှိကြောင်း အေအယ်အီးအေ၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး အာဏာပိုင်များက သံသယရှိသူအား ဖမ်းဆီးရမိခြင်း ရှိ မရှိကိုမူ ဧပြီ ၁၆ ရက် ညနေပိုင်းအထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ **ဆင်ဟွာ**



ဒါဗီးလ်မြို့ရှိ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာ၌ စုံစမ်းစစ်ဆေးသူများ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရထားလမ်းချော်မှုဖြစ်ပွား ၁၂ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိ

**ဒါကာ ဧပြီ ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၏ အရှေ့ဘက် ၉၆ ကီလိုမီတာခန့်အကွာ ကမ်မီလ်လာခရိုင်၌ ရထား နှစ်စင်းမှတွဲ ခုနစ်တွဲ လမ်းချော်မှု ဖြစ်ပွားသောကြောင့် ၁၂ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံအရှေ့တောင်ပိုင်း ဆိပ်ကမ်းမြို့ ချက်တိုဂမ်မှ ဒါကာမြို့သို့ ဦးတည်ထွက်ခွာလာသည့် ခရီးသည်တင်ရထားတစ်စင်းမှ ရထားတွဲ ငါးတွဲသည် နန်ဂါလ်ကော့သ်ရှိ ဟာဆန်ပါဘူတာရုံ၌ ဧပြီ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကုန်တင်ရထားတစ်စင်းကို နောက်မှတိုက်မိမှု ဖြစ်ပွားပြီးနောက် လမ်းချော်သွားခဲ့ခြင်းဖြစ်ကြောင်း ကမ်မီလ်လာခရိုင် နန်ဂါလ်ကော့သ်ရဲစခန်းတာဝန်ခံဖြစ်သူ ဖာရွတ်ခ် ဟော့စ်ဆိန်းက ဆင်ဟွာသို့ ပြောသည်။

ရထားလမ်းချော်မှု ဖြစ်ပွားသောကြောင့် မြို့တော်ဒါကာမှ နိုင်ငံ၏ အခြားသော နေရာဒေသ အများအပြားသို့ နာရီပေါင်းများစွာကြာ မီးရထားသွားလာမှုများ ရပ်ဆိုင်းထားခဲ့ရကြောင်း တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၁၇**

၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဇနီးနှင့် မိသားစု၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူ**

အခမ်းအနားသို့ အေးမြရွှေပြည်ကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးစွာ အေးမြရွှေပြည်ကျောင်းတိုက် ဆရာတော် ဉူးမဋ္ဌူသကထံမှ ငါးပါးသီလခံယူ၍ ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဇနီးနှင့်မိသားစု နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ် လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီး ဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

**ရွှေတိဂုံစေတီတော်**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် ရေစက်ချပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှ စတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ညှိနှိုင်းတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စောင့်ရှောက်ရေး သံဃာတော်များအား စေတီတော်ရှိ အဖျောက်တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် ရေစက်ချပွဲအခမ်းအနားကို စေတီတော်ရင်ပြင် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကရေ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်) ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးမင်းလွင်က အဖွင့်မင်္ဂလာစကား ပြောကြားသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကရေ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မဟာဝိဇယစေတီတော်**

ထို့ပြင် မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် မုစလိန္ဒနဂါးမျိုးနွယ် ကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားသော နာဂစိဝရာ ပဋ္ဌပဋ္ဌိမာမြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင်တစ်ရက်၊ ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ပူဇော်မှုကို ဘုရားဖူးလာပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုနေသည်မှာ စည်ကားလျက်ရှိပြီး မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မဟာဝိဇယစေတီတော် လိပ်ကန်အတွင်းသို့ ဇီဝိတဒါနအဖြစ် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် ငါးအကောင်ရေ ငါးသောင်းကို လွှတ်ပေးကြသည်။

**ရွှေဘုန်းပွင့်စေတီတော်**

အလားတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်မင်္ဂလာအခမ်းအနား၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၊ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ ရွှေဘုန်းပွင့်စေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားတို့၌ မြန်မာနှစ်ဆန်း (၁) ရက်နေ့ နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်းအခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပကြပြီး ဘုရားဖူးလာ ပြည်သူများအား စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ယနေ့ မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်များတွင် လမ်းအလိုက် ဆရာတော် သံဃာတော်များပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြပြီး မြန်မာနှစ်ဆန်း (၁) ရက်နေ့ဖြစ်သည့်အားလျော်စွာ ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း အစရှိသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်မှာ ကောင်းမြတ်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများကို နောင်လာနောက်သား မျိုးဆက်များ ထိန်းသိမ်းနိုင်ကြစေရန် လက်ဆင့်ကမ်းအမွေအနှစ်ပုံရိပ်ကောင်းများပင် ဖြစ်ပေတော့သည်။



**ဇော်မင်းလတ်၊ ဓာတ်ပုံ - ကိုကိုဇော်**

## မွန်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၇**

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) က ကြီးမှူး၍ (၄၈) ကြိမ်မြောက် မွန်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ဒေါက်တာမင်းခင်စိန်က အမှာစကားပြောကြားသည်။ ထို့နောက် ကန်တော့ခံသက်ကြီး အဘိုးအဘွား ၅၆ ဦးတို့ကို ဂါရဝပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကန်တော့ကြသည်။ ဆက်လက်၍ ကန်တော့ခံသက်ကြီးအဘိုးအဘွားများကိုယ်စား အဘိုးနိုင်ချစ်ဖေနှင့် အဘွားမိပန်းမြိုင်တို့က ဆုတောင်းစကား ပြောကြားကြသည်။

ထို့နောက် မွန်လူငယ်များက အဘိုးအဘွားများနှင့် ဧည့်သည်တော်များအား နံ့သာရည်ဖြင့် ပက်ဖျန်းကာ သင်္ကြန်ထမင်းဖြင့် ဧည့်ခံကျွေးမွေးကြသည်။

မျိုးမင်းသူရ

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၄-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၀၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၀၅ | ၂၃၂၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၁၀ |
| 95 Ron | ၂၂၇၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၂၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၀၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၄၀ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၄၀ |
| 95 Ron | ၂၁၅၅ | ၂၂၃၂ |
| HSD (500 ppm) | ၁၉၆၈ | ၂၀၃၆ |
| HSD (50 ppm) | ၂၀၄၂ | ၂၁၁၂ |
| HSD (10 ppm) | ၂၀၄၂ | ၂၁၁၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၁၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၆၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၃၁,၂၃၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၁၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၃၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင် ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ သက်ကြီးပူဇော်ပွဲကျင်းပ

**မင်းလှ ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း (၁) ရက်နေ့ ယနေ့နံနက် ၉ နာရီ က အမှတ်(၆)ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**

သက်ကြီးပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ကန်တော့ခံ သက်ကြီးဘိုးဘွားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များက ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့သည်။

ဆက်လက်၍ အသက် (၉၀)နှစ်အထက် သက်ကြီးအဘိုး ၁၃ ဦး၊ အဘွား ၃၅ ဦး စုစုပေါင်း ၄၈ ဦးအား တစ်ဦးလျှင် ကန်တော့ငွေကျပ် သုံးသောင်းစီအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘွား ဒေါ်ထွေးရီက ဆုတောင်းမေတ္တာစကားများ ပြန်လည်ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဦးတန်ခူးလဆုတ် ၁၃ ရက်(ဧပြီလ ၁၇ ရက်) တနင်္လာနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် မြန်မာနှစ်ဟောင်း ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်ဆိုသော နှစ်သစ်သို့ကူးပြောင်းသွားပြီဖြစ်သည်။ထိုနေ့သည် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် စစ်မှန်သော နှစ်သစ်ကူးနေ့ပင်ဖြစ်သည်။ ထိုနေ့တွင် ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ကိုယ်ချင်းစာတရားထားကာ ရိုင်းပင်းကူညီခြင်းစသည့် မင်္ဂလာရှိသောလုပ်ဆောင်မှုများဖြင့်သာ ဖြတ်သန်းသွားမည်ဆိုလျှင် တစ်နှစ်လုံးမင်္ဂလာ အပေါင်းနှင့်ပြည့်စုံနေမည်ဖြစ်သည်။ ကျန်းမာပျော်ရွှင်ကြမည်ဖြစ်သည်။ အောင်မြင်မှုများကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘဝအတွက်အရေးပါသော ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်သွားသင့်သည်။ အရေးကြီးဆုံးအချက်မှာ နှစ်သစ်အတွက် ဆုံးဖြတ်ချက် မချမှတ်သေးမီ နှစ်ဟောင်းကာလတွင် ဆောင်ရွက်နိုင်ခဲ့မှုများကိုလည်း ပြန်လည်သုံးသပ်သွားသင့်ပေသည်။

### မကောင်းမှုများကို ဆေးကြောသင့်

မြန်မာတို့သည် သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်ဆေးရန် ရေပက်ဖျန်းကြသည်ဟု ဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် အညစ်ကြေးကို ဆေးကြောနိုင်မည် မဟုတ်ချေ။ လောဘ၊ ဒေါသ၊ မောဟကို မည်သည့် ရေပိုက်နှင့်မျှ ထိုး၍မရချေ။ တွေးတောပြောဆိုပြုမူမှု မှန်သမျှကို ကိုယ်တိုင်သတိထားဆင်ခြင်မှသာလျှင် တဖြည်းဖြည်း လျှော့ချနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အမှောင်ဖုံး၍ လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ သို့သော် နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသည့် ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာဆိုသည့် မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြောသန့်စင်သွားနိုင်ပါသည်။ ကြိုးစားသွားကြည့်မည်ဆိုလျှင် ထူးခြားမှုရှိပါသည်။ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

### အင်တိုက်အားတိုက်ကြိုးပမ်းသင့်

သင်္ကြန်ရုံးပိတ်ရက်တွင် လွတ်လပ်ပေ့ါပါးစွာ ရေကစားခဲ့ကြမည် ထင်သည်။ မိသားစုလိုက် အပန်းဖြေခရီးလည်း ထွက်ခဲ့ကြမည်ထင်သည်။ အမှန်တော့ သင်္ကြန်ကာလတွင် ဒါန၊ သီလ၊ ဘာဝနာစသည့် မင်္ဂလာရှိသော ကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာ ဖြတ်သန်းခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များ ပြည့်နေမည်ဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းတာဝန်များကိုလည်း စိတ်သစ်ကိုယ်သစ်ဖြင့် အင်တိုက်အားတိုက် ထမ်းဆောင်နိုင်ကြသည်။ သို့သော် သင်္ကြန်ရုံးပိတ်ရက်ကာလ တိုတောင်းလွန်းလှသည်ဟု ထင်သူများနှင့် လိုအပ်သည်ထက်ပိုကာ အပျော်လွန်ကဲသူများကတော့ ငေးငေးငိုင်ငိုင်ဖြစ်နေတတ်ကြသည်။ အလွန်အကျွံ ဝတ်စားဆင်ယင်မှုများနှင့် သောက်စားပျော်ပါးမှုများအတွက် အကြွေးလည်း ဆပ်ကြရဦးမည်ဖြစ်ပေသည်။ မည်သည့် နေရာတွင်မဆို အလွန်အကျွံလုပ်ဆောင်လျှင်တော့ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဦးတည်စေနိုင်သည်။

**❍ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန် လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြဗ္ဗာစိုရ်တရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံ နေထိုင်သွားရန် အထူးလိုအပ်**



မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဧပြီ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (ပြည်ချစ်ဘုရား) ၌ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို တွေ့ရစဉ်။

### ပုံကြီးချဲ့ လုပ်ဆောင်နေ

၁၃၈၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ တချို့သော ဒေသများတွင် အေးချမ်းတည်ငြိမ်မှု ပျက်ပြားခဲ့ရသည်။ အထူးသဖြင့် NUG၊ PDF အကြမ်းဖက်အဖွဲ့များသည် အဖျက်အမှောင့်လုပ်ငန်းပေါင်းစုံ လုပ်ဆောင်ခဲ့ကြသည်။ ကလေးသူငယ်များနှင့် ရဟန်းသံဃာများအပါအဝင် ကျောင်းဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို လူမဆန်စွာသတ်ဖြတ်ခဲ့ကြသည်။ လမ်းတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများ အပါအဝင် နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်ခဲ့ကြသည်။ သို့သော် လူ့အခွင့်အရေး အမည်ခံနိုင်ငံတကာ အဖွဲ့အစည်းများသည် PDF အကြမ်းဖက်သမားများ၏ လူမဆန်သော လုပ်ရပ်များကို လျစ်လျူရှုကာ ကုလသမဂ္ဂတွင် မြန်မာ့အရေးကို ပုံကြီးချဲ့ဆွေးနွေးမှုများ လုပ်ဆောင်လျက် အစိုးရကို တစိုက်မတ်မတ် ပြစ်တင်ဝေဖန်လျက်ရှိကြသည်။ စိတ်မကောင်းစရာပင် ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် အထောက်အကူမပြုသော လုပ်ရပ်များပင်ဖြစ်ပေသည်။ စင်စစ်အားဖြင့် လက်နက်ကိုင် အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည် မဟုတ်ချေ။

### မေတ္တာအရင်းခံဖြင့်သာ

အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့် တစ်ဦး၊ ဘာသာတစ်ခုနှင့် တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။

နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန်လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက်ဗြဟ္မာစိုရ်တရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံ နေထိုင်သွားရန် အထူးလိုအပ်ပေသည်။

### စိတ်ကူးအိပ်မက်များ

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည် ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

ဆိုရလျှင်လူတစ်ဦးသည် လွန်ခဲ့သည့် တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေးစသည့် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှု တစ်စုံတစ်ရာမျှ မရရှိခဲ့ဘူးဆိုလျှင် ထိုသူသည် တစ်နှစ်ဆိုသော အချိန်ကာလကို အကျိုးမဲ့ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ အမှန်တော့ မနားမနေ စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ စင်စစ်အားဖြင့် မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံ တွေဝေထိုင်းမှိုင်းနေသောသူများအတွက် နေရာမရှိတော့ပေ။ အထူးသဖြင့် တန်ဖိုးရှိသော အချိန်ကို စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနှစ်သစ်တွင် အချိန်မဖြုန်းတော့ဘဲ ကိုယ်စီအလုပ်လုပ်ကြရတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်တိုင်အောင်နှစ်သစ်အတွက် ခွန်အားများ မွေးမြူသွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကို ရည်မှန်းလျက် ကြိုးပမ်းသွားရန် လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့် စွမ်းအားများကိုယ်စီ ရှိနေသည်။ မလုပ်သေးလို့ပါ။ လုပ်မည်ဆိုလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းတွင် ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကို ရရှိအောင်ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားဖို့လိုသည်။

### နှစ်သစ်တွင် မြန်မာပြည်သူအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ

ဆိုရလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့် အဆိုးဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များ ရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများတိုးတက်စေရန်အတွက် အချိန်ကုန်အကျိုးရှိစွာ အသုံးချသွားရန်လိုသည်။ အချိန်တိုင်း စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် မအောင်မြင်စရာအကြောင်း မရှိချေ။ ထိုသို့ အချိန်ကို တန်ဖိုးထားသော၊ ပြည်သူများ မှီတင်းနေထိုင်သော ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ထာဝစဉ်ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့သော ဘဝများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။ ။

## နန္ဒာအောင်မြေကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလ (Ph.D. Buddhism) ( ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်) ၏ နှစ်သစ်မင်္ဂလာဆုတောင်း



ဒီကနေ့ဟာ ၁၃၈၄ ခုနှစ် ကုန်ဆုံးလို့ ၁၃၈၅ ခုနှစ် မြန်မာနှစ်သစ် အခါသမယပဲ ဖြစ်ပါတယ်။ အခုလို မင်္ဂလာရှိလှတဲ့ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ ဆရာတော်အနေနဲ့ နှစ်သစ်မင်္ဂလာနှစ်ဦး ဆုမွန်ပတ္ထနာပြုပေးပါမယ်။

**ယာဒိသံ ဝပတေဗီဇံ- တာဒိသံ ဟရတေဖလံ**

**ကလျာဏကာရီ ကလျာဏံ- ပါပကာရီစ ပါပကံ။**

သဂါထာဝဂ္ဂသံယုတ်။

**ကလျာဏကာရီ ကလျာဏံ-** ကောင်းသော စေတနာဖြင့် ကောင်းသော ကုသိုလ်မျိုးစေ့တို့ကိုစိုက်ပျိုးနိုင်သော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ ဖြစ်နိုင်ကြပါစေ။

**ပါပကာရီစ ပါပကံ-** မကောင်းသော စေတနာဖြင့် မကောင်းသော အကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးမိသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားများ မဖြစ်ကြပါစေနှင့်။

- ကောင်းပင်ပျိုး၍ ကောင်းကျိုးကိုယ်၌ တည်စေသူများ ဖြစ်ကြပါစေ။
- ဆိုးပင်ပျိုး၍ ဆိုးကျိုးများ ကင်းဝေးသော သူများ ဖြစ်ကြပါစေ။

နံနက်မိုးလင်းမှမိုးချုပ် ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာတို့သည် မိမိနောက်သို့ လိုက်ပါခြင်းမပြု။ ကုသိုလ် - အကုသိုလ် နှစ်ပါးသာလျှင် လိုက်ပါခြင်း ဖြစ်သည်။

သို့အတွက်ကြောင့် မိုးလင်းသည့်အချိန်မှ မိုးချုပ်သည့်အချိန်ထိ ကုသိုလ်တရား ပွားများပြီး သကာလ ကောင်းကျိုးတွေရရှိပြီး ချမ်းသာသုခ ပြည့်ဝနိုင်ကြပါစေ။

မကောင်းတာတွေ ဖယ်ရှား၊ ကောင်းတာတွေ ပွား၊ ကောင်းကျိုး ချမ်းသာ ရကြပါစေ။

နှစ်သစ် အခါသမယမှာ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ပြည့်စုံပြီး ဒုက္ခခပ်သိမ်း၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေလို့ နှစ်သစ်ကာလ အခါသမယ၌ ဆုတောင်း "ပတ္ထနာ" ပြုလိုက်ပါသည်။



## အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ၏ မြန်မာ့နှစ်သစ်မင်္ဂလာဆုတောင်း

မြန်မာ့နှစ်ကူးမင်္ဂလာအချိန်မှစပြီး ကမ္ဘာသူ၊ ကမ္ဘာသားများနဲ့ မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းသာယာကြပါစေ။ ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသမှာ ပျော်ကြရာဝယ် သတ္တဝါဟူသမျှတို့သည် အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေသတည်း။ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍ ကောင်းစွာမိုးသောက် အလင်းရောက်လျှက် ထမြောက်နိုးကြားနိုင်ကြပါစေ ကုန်သတည်း။ အပါယ်ဒုဂ္ဂတိရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို သူတော်လက်နက်တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေသတည်း။ အလောင်းအလျာ ဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကောင်းကို တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

## မြန်မာ့နှစ်သစ်ကူးဆုတောင်းစကားသံများ




ဦးကြည်စိုးထွန်း



ပန်းချီစိုးမိုး



ဒေါ်နွဲ့နွဲ့စန်း



ဂီတစာဆို ဦးလွင်မြင့်



ဦးဆန်းလင်း



ဦးအောင်ထွန်း

**ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ဆောင်ပုဒ်က 'ရုပ်ရှင်သည် ပြည်သူ့အတွက် ဖြစ်ပါတယ်' လို့ဆိုထားပါတယ်။ ရုပ်ရှင်ဟာ ပြည်သူ့အတွက် ဆိုတာကြောင့် ပြည်သူတွေပျော်ရွှင်မှု၊ အေးချမ်းသာယာမှု၊ ကြီးပွားတိုးတက်မှုနဲ့ ဘာသာ သာသနာမှာ ကောင်းမွန်စွာ ရှက်ဆောင်နိုင်ကြဖို့ဆုတောင်းမေတ္တာပို့သပါတယ်။ ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့ ပရိသတ်ကြီးဟာ ကျွန်တော်တို့ အစည်းအရုံးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်တာကြောင့် ချစ်ပရိသတ်ကြီးနှစ်သစ်မင်္ဂလာချိန်ခါမှာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ပန်းချီစိုးမိုး**

**(ရုပ်ရှင်ဒါရိုက်တာ)**

မြန်မာ့နှစ်ကူးနဲ့ အတူ အေးမြကြည်လင်သော အတာရေသဘင်ပွဲတော်က နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောပေးသွားမှာအမှန်ပါ။ နှစ်သစ်မှ အစပြုပြီး ကျန်းမာ ချမ်းသာ ဘေးရန်ကွာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ စိတ်သစ်၊ ကိုယ်သစ်၊ အတွေးအမြင်သစ်များနဲ့ နိုင်ငံနှင့် ဘာသာ သာသနာ၊ လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြပါစေ။ အမှောင်ကင်းပြီး အလင်းရောင်တောက်ပနိုင်ကြ ပါစေကြောင်း ဆုမွန်ကောင်း ပို့သပါတယ်။

**ဒေါ်နွဲ့နွဲ့စန်း (ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာ့နှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာပြည်ကြီး အေးချမ်းသာယာပြီး ဘေးရန်ကင်းကွာ ကျန်းမာကြပါစေ။ မြန်မာရုပ်ရှင်ကို ချစ်မြတ်နိုးကြတဲ့ ချစ်ပရိသတ်ကြီး ခုနစ်ရက်သားသမီးအပေါင်းကို နေ့စဉ်မေတ္တာပို့သနေပါတယ်။ အမေတို့ကို စောင့်ရှောက်ကြတဲ့ ကျေးဇူးရှင် အပေါင်းကိုလည်း မေတ္တာပို့သနေပါတယ်။ ကမ္ဘာသူကမ္ဘာသားအပေါင်းနဲ့ မြန်မာပြည်သူအပေါင်း နှစ်သစ်မင်္ဂလာမှစပြီး နှလုံးစိတ်ဝမ်းအေးချမ်းပြီး စီးပွားဖွံ့ဖြိုး တိုးတက်ကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဂီတစာဆို ဦးလွင်မြင့် (မြန်မာနိုင်ငံ ဂီတအစည်းအရုံးဗဟိုဥက္ကဋ္ဌ)**

မြန်မာနှစ်ဆန်းဆိုတာ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားအားလုံးရဲ့ ထူးမြတ်တဲ့နေ့ ဖြစ်ပါတယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုပြောင်းတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ဟောင်းနွမ်းသော အညစ်အကြေးများ အားလုံး ပျောက်ကွယ်ပြီး ကောင်းမွန်သော လုပ်ဆောင်မှုများနဲ့ သစ်လွင်တောက်ပတဲ့နှစ်သစ်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ပြည်သူများရဲ့ မေတ္တာကိုခံယူထားတဲ့ အနုပညာရှင်များဖြစ်တဲ့အတွက် ပြည်သူတစ်ရပ်လုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။ ကမ္ဘာသူ ကမ္ဘာသားအားလုံးလည်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ကျွန်တော်တို့နိုင်ငံမှာလည်း အာဃာတနဲ့ အမုန်းတရားများပျောက်ပြီး ငြိမ်းချမ်းသာယာသော နိုင်ငံကြီးဖြစ်ပါစေ။ နိုင်ငံတော် သာယာမှုနဲ့အတူ ပြည်သူအပေါင်း အေးချမ်းသာယာကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း ပို့သပါတယ်။

**ဦးဆန်းလင်း**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန် နှစ်သစ်ကူး အခါသမယမှစ၍ မြန်မာပြည်သူ၊ ပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေ၊ အလုပ်အကိုင်များ အဆင်ပြေပြီး စီးပွားဥစ္စာများ တိုးတက်ရရှိ ပိုင်ဆိုင်နိုင်ကြပါစေ၊ နိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**ဦးအောင်ထွန်း**

**ဥက္ကဋ္ဌ**

**မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

မြန်မာ့ရိုးရာနှစ်သစ်ကူး အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးဥပဒ်အန္တရာယ်တွေ ကင်းဝေးကြပါစေ၊ စားဝတ်နေရေးကိစ္စတွေ အားလုံး အဆင်ပြေကြပါစေ၊ စီးပွားဥစ္စာများ ကြီးပွားတိုးတက်အောင်မြင်ကြပါစေ၊ နှစ်သစ်မှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေကြောင်းဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

**တွေ့ဆုံမေးမြန်း ညိမ်းသူ (သတင်းစဉ်)**

## မောင်တောမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲပြုလုပ်

**မောင်တော ဧပြီ ၁၇**

ရခိုင်ပြည်နယ် မောင်တောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်သစ်ကူး (နှစ်ဆန်း ၁ ရက်နေ့) ဧပြီ ၁၇ ရက် နံနက် ၈ နာရီတွင် မောင်တောမြို့၊ အာလီသားရေကန်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ပြုလုပ်သည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မောင်တောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြပြီး နှစ်လက်မနှင့်အထက် ရွှေဝါငါးကြင်းကောင်ရေ ၄၀၀၀၊ ထိုင်းငါးခုံးမကြီးကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၆၀၀၀ ကို ဇီဝိတဒါနငါးလွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# EV ပေါ်လစီမှသည် ပြည်သူ့ အကျိုးစီးပွားဆီ

ရဲရင့်ကြေးမုံ

**လျှပ်စစ်သုံးယာဉ်(Electric Vehicle–EV) များ မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးစေရန် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော်အဆင့်ဖွဲ့စည်းပြီး ပေါ်လစီများ ချမှတ်ကာ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။**

ယခုအခါ လျှပ်စစ်သုံးယာဉ်( Electric Vehicle–EV) များ စနစ်တကျတင်သွင်းစေခြင်း၊ Charging Station များ တည်ဆောက်ခြင်းတို့ဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် EV ပေါ်လစီသည် အသက်ဝင်နေပြီဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒကို ရေးဆွဲ ပြုစုထားပြီး ဖြစ်သည်။ ထို့ပြင် EV ယာဉ်များကို ပြည်ပမှ တင်သွင်းမှု ပြုရာမှသည် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်အထိ ရေရှည်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်း ဖော်ဆောင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိုလည်း ဦးဆောင်ကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက လျှစ်စစ်သုံးမော်တော်ယာဉ် ဘက်ထရီအားသွင်းနေမှုကို ကြည့်ရှုစဉ်။ (မတ် ၂၃ ရက် ၂၀၂၃)

## EV အမျိုးအစား လေးမျိုးရှိ

EV ယာဉ်များသည် Battery မှ သိုလှောင်ထားသည့် လျှပ်စစ်ဓာတ်အားဖြင့် မော်တာကို အသုံးပြုပြီး လည်ပတ်မောင်းနှင်ရွေ့လျားစေသော ယာဉ်အမျိုးအစားဖြစ်သည်။ EV များကို အမျိုးအစားခွဲခြားလေ့လာကြည့်သည့်အခါ Battery Electric Vehicle(BEV) ၊ Hybrid Electric Vehicle(HEV) ၊ Plugin Hybrid Electric Vehicle(PHEV) နှင့် Fuel Cell Electric Vehicle (FCEV) ဟူ၍ ယေဘုယျအားဖြင့် အမျိုးအစား လေးမျိုးတည်ရှိသည်။

လျှပ်စစ်သုံးယာဉ်များ၊ အားသွင်းစက်များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းထုတ်လုပ်လိုပါက သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ဦးဆောင်ကော်မတီထံ အဆိုပြုလွှာများ တင်သွင်းရမည်ဖြစ်သည်။ ဆောင်ရွက်လိုသည့် လုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လိုသည့်ပုံစံ၊ တင်သွင်းထုတ်လုပ်အသုံးပြုမည့် ယာဉ်အမျိုးအစား၊ မူရင်းထုတ်လုပ်သည့်ကုမ္ပဏီနှင့် ဆက်သွယ်ထားရှိမှု၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ အရည်အသွေးပိုင်းဆိုင်ရာနှင့် စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များ၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုပေးမည့် အစီအစဉ်၊ အများပြည်သူသုံး Level 3 သို့မဟုတ် Level 2 အဆင့် အားသွင်းစက်များ ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို အဆိုပြုလွှာတွင် ပြည့်ပြည့်စုံစုံဖော်ပြထားရမည်ဖြစ်သည်။

## မူဝါဒများနှင့်အညီ

ထိုသို့ မူဝါဒများနှင့်အညီ အဆိုပြုလွှာတင်သွင်းသည့် ကုမ္ပဏီများကို ဦးဆောင်ကော်မတီသည် တွေ့ဆုံဆွေးနွေးကာ လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည့် ကုမ္ပဏီများကို ခွင့်ပြုပေးလျက်ရှိသည်။ ထိုသို့ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်ကုမ္ပဏီများသည် သွင်းကုန်လိုင်စင်ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာစံချိန်စံညွှန်းများ၊ အထောက်အထားများကို ဦးဆောင်ကော်မတီထံ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက စိစစ်ပြီး စံချိန်စံညွှန်းများ၊ အထောက်အထားများ ပြည့်စုံပါက ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုင်စင်ထုတ်ပေးသွားမည်ဖြစ်သည်။

EV ယာဉ်များ တင်သွင်းရောက်ရှိလာပါက သွင်းကုန်ပါမစ်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်၊ ကြိုတင်ဝင်ငွေခွန်ဆောင်ပြီးကြောင်း အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံမှန်ကန်မှုရှိပါက ကနဦးမှတ်ပုံတင်ခ ပေးသွင်းကာ မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်များကို ထုတ်ပေးလျက်ရှိသည်။

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများအတွက် အခွန်နှင့်ပတ်သက်သည့် သက်သာခွင့် အစီအစဉ်များကို ဦးဆောင်ကော်မတီက ခွင့်ပြုထားဖြစ်သည်။ လက်ရှိ ကနဦးစီမံကိန်းကာလတွင် Battery Electric Vehicle(BEV) အမျိုးအစားကို တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။ ယင်းယာဉ်အမျိုးအစားအတွက် မြန်မာ့အကောက်ခွန်စာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးထားကြောင်း သိရသည်။ လျှော့ချသတ်မှတ်မှု အကျုံးဝင်သည့် Battery Electric Vehicle(BEV) ယာဉ်အမျိုးအစားများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

(က) လမ်းမပေါ်တွင် မောင်းနှင်နိုင်သည့်နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ်(Road tractor for semi–trailer)
(ခ) ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်မော်တော်ယာဉ်(Bus)(Motor Vehicles for the transport of ten or more person including the driver)
(ဂ) ကုန်တင်ယာဉ်(Truck)
(ဃ) လူစီးယာဉ်(Motor Vehicles for the transport of person)
(င) သုံးဘီးတပ်ယာဉ်(လူစီး)(Three–Wheeled Vehicles for transport of person)
(စ) သုံးဘီးတပ်ယာဉ်(ကုန်တင်)(Three–Wheeled Vehicles for transport of Goods)
(ဆ) လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်(Electric Motorcycle)
(ဇ) လူစီးနှစ်ဘီးတပ်လျှပ်စစ်စက်ဘီး (Electric Bicycle)
(ဈ) လူနာတင်ယာဉ်(Ambulances)
(ည) ထောင်ကား(Prison Vans)
(ဋ) နိဗ္ဗာန်ယာဉ်(Hearses)

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်(BEV) များကို ၂၀၁၅ ခုနှစ် ဧပြီ ၂၂ ရက်မှစတင်၍ ပြည်ပတင်သွင်း ယာဉ်မှတ်ပုံတင်ခ သုည ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုထားသည့်အပြင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် လျှပ်စစ်သုံးယာဉ်များအပေါ် ၂၀၂၃–၂၀၂၅ အထိ ၁၀၀ ရာခိုင်နှုန်း ဘီးခွန် ကင်းလွတ်ခွင့်၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ အရောင်းပြခန်း၊ လုပ်ငန်းလိုင်စင်၊ ညအိပ်ခ၊ ပစ္စည်းခွန်တို့ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန် – မန္တလေးအမြန်လမ်း၊ B.O.T စနစ်ဖြင့် ဆောင်ရွက်သောလမ်း၊ ကျန်ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်လမ်းများတွင် လျှပ်စစ်သုံးယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခများကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ နှစ်နှစ်တာကာလ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်။

## ရှေ့ပြေးစီမံကိန်းအဖြစ် သတ်မှတ်ဆောင်ရွက်

လက်ရှိတွင် EV ယာဉ်များ နိုင်ငံအတွင်း တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်စေရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကာလကို ကနဦး ရှေ့ပြေးစီမံကိန်းကာလအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ကနဦးစီမံကိန်းကာလတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လိုသည့် ကုမ္ပဏီ များမှ တင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level 3 အဆင့် DC Fast Charging Station များ တည်ဆောက်နိုင်ရေး၊ After Sale Service လုပ်ငန်းများ ရေရှည်အာမခံစနစ် တည်ရှိရေး၊ လျှပ်စစ်သုံး ယာဉ်ဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်အစီအမံများ ချမှတ်ကာ ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းကော်မတီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကနဦးစီမံကိန်းကာလအတွင်း Charging Station များကို နေပြည်တော်တွင် လေးနေရာ၊ ရန်ကုန်မြို့တွင် ငါးနေရာ၊ မန္တလေးမြို့တွင် ငါးနေရာနှင့် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ငါးနေရာ စုစုပေါင်း ၁၉ နေရာတွင် ဆောင်ရွက်သွားရန် ကုမ္ပဏီ ကိုးခုကို တာဝန်ပေးအပ်ထားကာ တည်ဆောက်မှုလုပ်ငန်းများကို မတ်လအတွင်း ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိ တည်ဆောက်နေသည့် Charging Station များသည် ကနဦးစီမံကိန်းအရ ဆောင်ရွက်နေခြင်းဖြစ်ပြီး EV ယာဉ်များ တစ်နိုင်ငံလုံး ပြေးဆွဲအသုံးပြုနိုင်ရန်အတွက် အဓိကလမ်းမကြီးများဖြစ်သည့် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်–ပြည်လမ်း၊ ရန်ကုန် – ပုသိမ်လမ်း၊ ဘုရားကြီး–သထုံ–မော်လမြိုင်လမ်း၊ မိတ္ထီလာ–ကျောက်ပန်းတောင်း–ညောင်ဦးလမ်း၊ မိတ္ထီလာ–တောင်ကြီးလမ်း၊ မန္တလေး–ပြင်ဦးလွင်–လားရှိုးလမ်း စသည့် နိုင်ငံ၏ အသက်သွေးကြောလမ်းမကြီးများပေါ်တွင် Charging Station များ တည်ဆောက်သွားနိုင်ရေး ကြိုတင်လေ့လာမှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာနှင့်အဝန်းတွင်းထွက်လောင်စာများ အသုံးပြုမှုကြောင့် ရာသီဥတုပြောင်းလဲလာမှုကို ကျော်လွှားနိုင်ရန် အဖြေရှာလာကြပြီဖြစ်သည်။ ထို့အတွက် လောင်စာဆီသုံးစွဲသည့် ယာဉ်များမှ အဆိပ်သင့်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချနိုင်ရန် လျှပ်စစ်ကားသုံးစွဲမှု မူဝါဒများ ချမှတ်ဆောင်ရွက်လာကြပြီဖြစ်သည်။ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း EV ယာဉ်နှင့် သက်ဆိုင်သည့် မူဝါဒများကို ချမှတ်ထားပြီး စနစ်တကျဖော်ဆောင်နေပြီဖြစ်သည်။ သို့ဖြစ်ရာ ဖော်ဆောင်လျက်ရှိသည့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ လုပ်ငန်းများလျင်လျင်မြန်မြန် ရှေ့သို့တိုးတက်လုပ်ဆောင်ရင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်သွားရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

❍ **လက်ရှိ တည်ဆောက်နေသည့်** Charging Station **များသည် ကနဦးစီမံကိန်းအရ ဆောင်ရွက်နေခြင်းဖြစ်ပြီး** EV **ယာဉ်များ တစ်နိုင်ငံလုံး ပြေးဆွဲအသုံးပြုနိုင်ရန်အတွက် အဓိကလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန် - ပုသိမ်လမ်း၊ ဘုရား ကြီး-သထုံ-မော်လမြိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်း တောင်း-ညောင်ဦးလမ်း၊ မိတ္ထီလာ-တောင်ကြီးလမ်း၊ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်း စသည့်နိုင်ငံ၏ အသက်သွေးကြောလမ်းမကြီးများပေါ်တွင်** Charging Station **များ တည်ဆောက်သွားနိုင်ရေးကို ကြိုတင်လေ့လာမှုများ ဆောင်ရွက်ထား**

## မြန်မာအသံနှင့်ရုပ်မြင်သံကြား

၁၈-၄-၂၀၂၄ အင်္ဂါနေ့

**MRTV**

[illegible]

MRTV National News

[illegible]

**mitv**

07:07 Evergreen Classic: Dhamma Setthyar (Nan Sandi)
07:12 Water Hyacinth and Rattan Products
07:27 Ecotourism: The World Famous Novelist George Orwell's House
07:46 Chef Life: Syi Syi Lwin
08:01 News
08:28 Shwezigon Pagoda
08:54 Myanmar Orchestra (Thachinkhant)
09:01 A Special Moment with A Man of Versatility (Ep-2) Personal & Artistic Life
09:36 Bagan Choral Dance
09:41 World Heritage Site: Beikthano
10:01 News
10:27 The Art of Making Glaze Ware
10:45 All About Orchids
11:01 A Nun's Creation in Fruit Carving
11:08 A Trip to Gyobyu Reservoir (Part-1)

**MRTV**

[illegible]

**MRTV**

[illegible]

News Related Program

[illegible]

MRTV National News

[illegible]

**MRTV**

[illegible]

**MRTV**

[illegible]

Sports News

Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review/ Weekly Soccer Preview

[illegible]

Education Channel

[illegible]

## ဟိုင်းကြီးကျွန်းမြို့၌ နှစ်ဆန်း(၁)ရက်နေ့စည်ကား

ဟိုင်းကြီးကျွန်း ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စွန်းစေတီတော် မြတ်ကြီးတွင် ၁၃၈၅ ခုနှစ်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများက ရွှေသင်္ကန်းများကပ်လှူခြင်း၊ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် မဟာမကုဋရုံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ စည်ကားလျက်ရှိကြောင်း သိရသည်။

လှိုင်မျိုးအောင် (ပြန်/ဆက်)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၄ - ၂၀၂၄

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၆၄၅၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၃၀ ကျပ် | ၂၂၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၉၅ ကျပ် | ၂၃၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၃ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၉၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၅ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၈၀၀၀ | ၂၆၃ | ၂၀၉၂၇၀၀ |
| MTSH | ၁၀၀၀ | ၁၀၀၀ | ၄၇၈ | ၁၄၃၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၁၀၁ | ၅၉၁၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၇ | ၁၈၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိန်းသိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခွင့်အမှတ် - (၀၁၀၉၃)
ပုံနှိပ်ခွင့်အမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၃၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၅၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၃၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

# မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကား



နေပြည်တော် ဧပြီ ၁၇

**ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ကုန်ဆုံး၍ ၁၃၈၅ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိကြသည်။**

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလ ဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုလုပ်ကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌လည်း မြန်မာနှစ်သစ်ကူးနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆရာတော် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး **(အပေါ်ယာပုံ)**၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်း တောင်တန်ခိုးကြီးဘုရား၊ဘုရားကိုးဆူစေတီ၊လောကမာရဇိန်စေတီ၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊သတ္တသတ္တာဟသံဝေဇနိယလေးဌာန၊ဖောင်တော်ချက်မစေတီ စသည့်ဘုရားစေတီများတွင် ဥပုသ်သီလ ခံယူဆောက်တည်ကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့ လွှတ်ကြခြင်းဖြင့်လည်း ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာမပျက် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

အလားတူ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်းသက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှု ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြု အလှူပစ္စည်းများ ထောက်ပံ့ခြင်း စသည့် ကုသိုလ်ဒါနများကိုလည်း ပြုလုပ်ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြရာ နေပြည်တော်ကောင်စီနယ်မြေ တစ်ခွင်၌ တရား၊ ဓမ္မသံများဖြင့် ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

**ဂျိုင်းလော**

**ဓာတ်ပုံ-ကိုကိုထိန်**

# ဘာသာပေါင်းစုံမှ နှစ်သစ်ကူးဆုတောင်းမေတ္တာပို့ စကားသံများ



ဦးဝဏ္ဏ



ဦးဇော်ဇော်နိုင်



ဒေါက်တာစိုင်းကျော်မြင့်



ဦးအောင်ဇော်ဝင်း

**ဦးဝဏ္ဏ (ဗုဒ္ဓဘာသာ)**

**ဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာလူမျိုးတို့ရဲ့ နှစ်ဟောင်းကြွေပျောက် နှစ်သစ်ရောက်တဲ့ အခါသမယမှာ သွေးသားရင်းချာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ၊ နိုင်ငံသူ နိုင်ငံသားတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေအားလုံး မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။

မြန်မာနိုင်ငံအတွင်း အမုန်းစကား၊ အမုန်းတရားတွေ ပယ်ပျောက်ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြပြီး နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြပါစေလို့ မေတ္တာပို့ ဆုတောင်းအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးဟာ လူမျိုးမတူ၊ ဘာသာမတူ၊ အယူအဆမတူကြသူတွေ မေတ္တာတရားကို အခြေခံထားကာ အမိမြန်မာနိုင်ငံတော်ကြီးရဲ့ အလံတော်အောက်မှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် အထူးပဲကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ မိဘပြည်သူတွေအနေနဲ့လည်း အမိမြန်မာနိုင်ငံတော်ကြီးအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် ကျွန်တော်တို့ အဖွဲ့ကြီးနဲ့အတူ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

ထို့အတူ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ အမိမြန်မာနိုင်ငံတော်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေ အားလုံး အန္တရာယ်အပေါင်းမှ ကင်းဝေးပြီး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ မိသားစုအကျိုး၊ နိုင်ငံအကျိုး၊ ဘာသာ သာသနာအကျိုးကို ရွက်သယ်ပိုးနိုင်ကြပါစေ၊ ကိုးကွယ်ရာဘာသာကြီး (၄) ရပ်ရဲ့ တူညီသောသစ္စာတရား၊ မေတ္တာတရားများဖြင့် ကြိုဆိုကြပါလို့ နှစ်သစ်ကူးဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)**

**ဒုတိယဥက္ကဋ္ဌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာထားကြပြီး တစ်ဦးနဲ့ တစ်ဦး ချစ်ခင်စွာနေထိုင်ကြပါတယ်။ အခုလို နှစ်သစ်မှာ အတွေးသစ်၊ အမြင်သစ်၊ နှစ်သစ်တွေနဲ့ ရောဂါဘယ ကင်းစင်ပြီးတော့ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာကာ ပြည်သူနဲ့ နိုင်ငံတော် အတူတကွ လက်တွဲပြီး စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်ပါစေ။

ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်ချက်နှစ်ချက်ရှိပါတယ်၊ ပထမတစ်ချက်ကတော့ မေတ္တာတရား ထားပေးဖို့ လိုပါတယ်၊ ဒီလိုမေတ္တာတရား များများထားပေးရင် အစစအရာရာ အောင်မြင်ပါမယ်၊ ဒုတိယတစ်ချက်ကတော့ အလုပ်များများလုပ်ဖို့ လိုပါတယ်၊ အဲဒီနှစ်ချက်ပဲ ကျွန်တော်တို့ လိုအပ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအမုန်းတရားတွေ၊ စိတ်ထိခိုက်မှု အားလုံးကိုအလှူပေးလိုက်ပါ၊ နှစ်သစ်မှာ အားလုံးအတူတကွ ပျော်ရွှင်ပြီး ကျန်းမာချမ်းသာသုခနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျာ။

**ဒေါက်တာစိုင်းကျော်မြင့် (ခရစ်ယာန်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတိုင်းရဲ့ လူမှုစီးပွားရေးဘဝလုံခြုံရေးအတွက် အလိုအပ်ဆုံးဖြစ်တဲ့ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ကျွန်တော်တို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးအနေနဲ့ တိုင်းရင်းသားလူမျိုးအပေါင်းတို့ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု စရိုက်လက္ခဏာတွေ အားလုံးကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက် အတူတကွ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ် ခင်ဗျာ။

အခုလို နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးအခါသမယမှာ မကောင်းမှုအညစ်အကြေးတွေအားလုံး ဆေးကြောသန့်စင်ပြီး ကောင်းမွန်သော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျွန်တော်တို့ အတူလက်တွဲ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းကာ ဆုတောင်းပေးလိုက်ပါတယ်ခင်ဗျာ။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)**

**ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

မြန်မာနိုင်ငံဟာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြတဲ့ နိုင်ငံတော်ကြီးဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး မေတ္တာတရားရှေ့ထားပြီးတော့ သစ္စာတရားနဲ့ ချစ်ချစ်ခင်ခင်နေထိုင်ကြကာ တစ်ဘာသာနဲ့ တစ်ဘာသာ၊ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန်လေးစားကြပြီး တိုင်းပြည်အေးချမ်းတည်ငြိမ်စေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ . . .။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိတယ်လို့ ကျွန်တော်တို့ အစ္စလာမ်ဘာသာလူထုယုံကြည်ထားပါတယ်။ အခုနှစ်သစ်ကူးမှာ နိုင်ငံသူ၊ နိုင်ငံသား အားလုံးကမ္ဘာသူ၊ ကမ္ဘာသားအားလုံး ပျော်ရွှင်ချမ်းမြေ့ပြီး နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ အားလုံးနှစ်သစ်မှာ လိုအင်ဆန္ဒပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာတွေ ပို့သလိုက်ပါတယ် ခင်ဗျာ။

**သတင်းအဖွဲ့**

**ဓာတ်ပုံ-ကိုကိုဇော် (MNA)**

# ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ဗဟန်း ဧပြီ ၁၇

၁၃၈၅ ခုနှစ်၊ နှစ်သစ်အခါသမယ နှစ်ဆန်း ၁ ရက်နေ့သည် မြန်မာတို့၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ရတနသုတ်တော်၊ မေတ္တသုတ်၊ ကမ္မဝါများဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် ယနေ့ ညနေပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အန္တရာယ်ကင်းပရိတ်လှည့်လည်ပူဇော်ရာတွင် ဗဟန်းမြို့နယ်သံယုတ်ကျောင်းတိုက်မှ သံဃာတော် ငါးပါး၊ မော်တော်ယာဉ် တစ်စီးဖြင့် နတ်မောက်လမ်းမှ စတင်ပြီး ဗဟန်းမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကာ မြို့တွင်းအန္တရာယ်ကင်းရှင်းစေရေး ပရိတ်ရေများ ပက်ဖျန်းပေးသည်။

ထို့နောက် ရွတ်ဖတ်ပူဇော်သည့် သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဝတ္ထုငွေ၊ အအေးနှင့် ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**စန္ဒာမိုး**

# အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၂၂) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ကပ်လှူပူဇော်ခြင်း မင်္ဂလာပြုလုပ်

**နေပြည်တော် ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား (၂၂) ကြိမ်မြောက် မျက်နှာသစ်တော်ရေကပ်လှူပူဇော်ခြင်း မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ပြုလုပ်ရာ အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦးတောရကျောင်းတိုက် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြွရောက်တော်မူကြသည့် သံဃာတော်များ၊ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သဗ္ဗဇေယျအောင်ဂါထာဖြင့် ပူဇော်ကာ မျက်နှာသစ်တော်ရေ ဆက်ကပ်ခြင်း၊ သွားတော်ဒန်ပူတိုက်ခြင်းနှင့် အနေကဇာတင်ခြင်းတို့ကိုဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် လှူဒါန်းခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦးတောရ ကျောင်းတိုက် ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်ထံမှ ရေစက်ချတရားတော်များ နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပိတ်ပွဲများ ပြုလုပ်

နေပြည်တော် ဧပြီ ၁၇

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပိတ်ပွဲများကို မဟာသင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာန ချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**



ရေကစားမဏ္ဍပ်ပိတ်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ရေကစားမဏ္ဍပ်များ၌ အသီးသီး ကျင်းပရာ သင်္ကြန်ယိမ်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ရေကစားမဏ္ဍပ် ပိတ်ပွဲများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ မိသားစု မြန်မာ့ရိုးရာ အတာသင်္ကြန်မဏ္ဍပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ လားရှိုးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရွှေနေကြာ ရေကစားမဏ္ဍပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် တပ်ရင်း/ တပ်ဖွဲ့အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် (ဝဲပုံ) နှင့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ရှိ ခေမရဋ္ဌမဟာသင်္ကြန် မဏ္ဍပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ မွန်ပြည်နယ် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ရှိ ပုလဲရွှေပြည် ရေကစားမဏ္ဍပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိသားစုမဟာသင်္ကြန် ရေသဘင်ပွဲတော်ရေကစားမဏ္ဍပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် အမ်းတပ်နယ် ဗဟိုမဏ္ဍပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဗဟိုမဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစား မဏ္ဍပ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ နန်းမြို့သူ မဟာသင်္ကြန်မဏ္ဍပ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဗဟိုမဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစား မဏ္ဍပ်များ၌ ပြုလုပ်ကြရာ သင်္ကြန်ယိမ်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များကို တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာပိတ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့ ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

**ကျုံပျော် ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၏ ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုပေးပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၆ ရက်က စည်ကားစွာ ကျင်းပသည်။

ရှေးဦးစွာ ဒိုင်အဖွဲ့ဝင်များက ဆုရရှိသည့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ကြေညာပြီး ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်က ပထမဆုရရှိသည့် ပင်လုံနှင့် မြဝတီရပ်ကွက် ယိမ်းအဖွဲ့ကိုလည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်းက ဒုတိယဆုရရှိသည့် ပညာရေးမိသားစု ယိမ်းအဖွဲ့ကိုလည်းကောင်း၊ ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းက တတိယဆုရရှိသည့် တေဇရပ်ကွက် ယိမ်းအဖွဲ့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျန်ယိမ်းပြိုင်ပွဲဝင်အဖွဲ့များအား တာဝန်ရှိသူများက နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အိပ်မက်စေတမန် သီချင်းဖြင့် သင်္ကြန်ယိမ်းအဖွဲ့များက စုပေါင်းကပြဖျော်ဖြေရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဟိန်းမောင်မြင့်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဗဟိုမဏ္ဍပ်ပိတ်ပွဲအား ပြုလုပ်ခဲ့ကြသည်။ ဆက်လက်၍ အတာရေသဘင်ပွဲ လာရောက်ဆင်နွှဲကြသူများအား စတိတ်ရှိုးတေးဂီတဖြင့် တပျော်တပါးသီဆိုကာ ဆက်လက်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။



လပြည့်ဦး

(ပြန်/ဆက်)

## ဒက္ခိဏသီရိမြို့နယ်တွင် မျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းစိုက်ပျိုး

**လယ်ဝေး ဧပြီ ၁၇**

သမားရိုးကျစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၇) စက်မှုလယ်ယာစခန်းအနေဖြင့် ဒေသခံတောင်သူများ၏ လယ်ယာမြေများတွင် စက်ကိရိယာများဖြင့် စိုက်ပျိုးပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က လယ်ဝေးမြို့ အမှတ် (၄၇) စက်မှုလယ်ယာစခန်းနှင့် ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာ ကွင်းအမှတ် ၁၆၇၂ တောင်သူ ဦးကျော်၏ လယ်မြေ ရှစ်ဧကတွင် မျိုးစေ့ချကိရိယာဖြင့် ပဲတီစိမ်းသီးနှံစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား တက်ရောက်ခြင်းနှင့် ကန်သာယာကန်ရှိ မြို့ရာပြည့်စေတီတော်ကြီး သန့်ရှင်းရေးဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေး

**မုံရွာ မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ အဆိုတော်များနှင့်အတူ မေ ၁၇ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပပြုလုပ်သည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နှစ်သစ်အခါသမယ မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သော သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က သက်ကြီးဘိုးဘွားများအား ဂါရဝတရားဖြင့် ရှိခိုးကန်တော့၍ အသက်ကြီးဆုံးအဘိုး ဦးသောင်းရွှေ ၈၈ နှစ်နှင့် အသက်ကြီးဆုံးအဘွား ဒေါ်အုံး ၁၀၅ နှစ်တို့အား အာမိသပူဇာ ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**



ဆက်လက်ပြီး တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တက်ရောက်လာသူများက သက်ကြီး အဘိုး၊ အဘွား ၇၀ တို့အား အာမိသပူဇာပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး အဘိုး၊ အဘွားများကိုယ်စား အဘိုး ဦးအေးက ဆုတောင်းမေတ္တာပို့သခြင်းနှင့် ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုံရွာမြို့ ကန်သာယာကန်၌ ပြုလုပ်သော မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နှစ်လက်မနှင့်အထက် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ထိုင်းငါးခုံးမကောင်ရေ နှစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ သုံးသိန်းအား ဇီဝိတဒါနအဖြစ် ကန်အတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကန်သာယာကန်ရှိ မြို့ရာပြည့် စေတီတော်ကြီးအား မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ရေသပ္ပာယ်ခြင်းနှင့် စေတီတော်ကြီး ဝန်းကျင်သန့်ရှင်းရေးများ စုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**မန္တလေး မေ ၁၇**

မြန်မာ့နှစ်သစ်မင်္ဂလာ အခါသမယ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီး၌ အကျဉ်းကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူ ၃၀၁၅ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ရာ မန္တလေးမြို့ အောင်မြေသာစံ မြို့နယ်ရှိ မန္တလေး ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၆၈ ဦး၊ အကျဉ်းသူ ကိုးဦး စုစုပေါင်း ၇၇ ဦး တို့ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိန်လွင်က ယနေ့ နံနက်ပိုင်းတွင် မန္တလေး ဗဟို အကျဉ်းထောင်၌တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားခဲ့သည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။



တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်း က "ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူတွေကိုယ်စား ကျွန်တော့်အနေနဲ့ ဝမ်းသာမိပါတယ်။ ထောင်ထဲမှာလည်း သူတို့ထိုက်သင့်တဲ့အပြစ်ဒဏ်တွေ ခံရပြီးပြီဖြစ်ပါတယ်။ ထောင်ထဲမှာနေစဉ်ကာလမှာလည်း ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို အတိအကျ လိုက်နာကြပါတယ်။ အခု လူတော်လူကောင်းတွေအနေနဲ့ ပြည်သူ့ဘဝထဲကို ဝင်ရောက်မယ့်သူတွေလို့ ထင်မြင်မိပါတယ်။ ဒါကြောင့် ဝမ်းသာသလို ဂုဏ်လည်းယူမိပါတယ်" ဟုပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "ကျွန်မအနေနဲ့ မူးယစ်မှုနဲ့ ထောင်ကျနေတာဖြစ်ပါတယ်။ အခုလို အကျဉ်းသား၊ အကျဉ်းသူတွေကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်မတို့ကို မိသားစုနဲ့ စောပြီး ပြန်လည်ဆုံစည်းခွင့်ပေးတဲ့အတွက်လည်း နိုင်ငံတော်အကြီးအကဲတွေနဲ့ ထောင်က တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ နေရပ်ပြန်ဖို့အတွက် ခရီးစရိတ်တွေပေးတဲ့အပြင် ကားဂိတ်တွေအထိလည်း လိုက်လံ ပို့ဆောင်ပေးပါတယ်။ မိသားစုနဲ့ တွေ့ရတော့မှာမို့ စိတ်ထဲ အလွန်ပျော်ရွှင်နေမိပါတယ်" ဟု ပြောသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးလူငယ် သင်တန်းကျောင်းရှိ ကျောင်းသား ၅၀ လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ပြီး သက်ဆိုင်ရာ မိဘ/အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်းလည်း သိရသည်။

မန္တလေး လူငယ်သင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟအောင် က "ကလေးတွေက များသောအားဖြင့် မူးယစ်ဆေးဝါးမှုနဲ့ ရောက်လာကြတာဖြစ်ပါတယ်။ ပညာသင်နေဆဲကာလမှာ အပေါင်းအသင်းမှားလို့ပဲဖြစ်ဖြစ် အကြောင်းအမျိုးမျိုးကြောင့်ပဲဖြစ်ဖြစ် ဒီကျောင်းကို ရောက်ရှိလာကြတာ ဖြစ်ပါတယ်။ အခုနိုင်ငံတော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးလိုက်ပြီဆိုတော့ လာမယ့်ပညာသင်နှစ်မှာ လက်ရှိတက်ရောက်ဆဲ အတန်းအလိုက် ပြန်ပြီး ပညာသင်ယူခွင့် ရရှိတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ကျေးဇူးကြောင့် မိဘဆီကိုလည်း စောပြီးပြန်ရမယ်။ ပညာသင်ကြားခွင့်လည်း ဆက်လက်ရရှိမှာဖြစ်တဲ့အတွက် သူတို့ဘဝရှေ့ရေးအတွက် များစွာအကျိုးရှိပါတယ်" ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၃၀ နှင့် ကုန်ထုတ်စခန်းများမှ အကျဉ်းသား အကျဉ်းသူ ၇၁ ဦးစုစုပေါင်း ၂၀၁ ဦး၊ တိုင်းဒေသကြီးအတွင်းရှိ လူငယ်သင်တန်းကျောင်း(၂) ကျောင်းနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇ ဦး လွတ်မြောက်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၃၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်(၂၈/၂၀၂၂၊၂၉/၂၀၂၂နှင့် ၃၀/၂၀၂၂)တို့ဖြင့် ထုတ်ပြန်သည့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ပုဒ်မခွဲ(၁)အရ အကျဉ်းသား၊ အကျဉ်းသူ ၂၃၆ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့် လွှတ်ပေးပွဲကို ယနေ့ နံနက် ၁၁ နာရီက အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းအတွင်းရှိ အားကစားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က ဆုံးမဩဝါဒစကားပြောကြားပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၃၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ မီနီဘတ်ယာဉ် ၁၀ စီးဖြင့် ၎င်းတို့သွားလိုသည့် နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ဆုံးမဩဝါဒစကား ပြောကြားစဉ်။

# ပေါက်စတောင်ဒေသရှိ အနောက်ဘက် မျက်ခုံးဖြူမျောက်လွှဲကျော် ထိန်းသိမ်းရေး

သီဟစည်သူ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပေါက်စတောင်နှင့် ပတ်ဝန်းကျင်သစ်တောများရှိ အရှိုချင်း တိုင်းရင်းသားအများစုနေထိုင်ကြရာဒေသသည် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော အနောက်ဘက်မျက်ခုံးဖြူမျောက်လွှဲကျော်များ အပါအဝင် ရှားပါးမျိုးစိတ်များစွာ နေထိုင်ကျက်စားရာဒေသတစ်ခု ဖြစ်သည်။



ပေါက်စတောင်ဒေသရှိ ကော်ဖီစိုက်တောင်သူ အရှိုချင်းတိုင်းရင်းသားများကို တွေ့ရစဉ်။ (ဓာတ်ပုံ- FFI)

ယင်းဒေသရှိ ဒေသခံတိုင်းရင်းသားများသည် လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကတည်းက အသက်မွေးဝမ်းကျောင်းအတွက် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းဖြင့် မှီခိုခဲ့ကြရပြီး လူဦးရေတိုးပွားလာသည်နှင့်အမျှ ရွှေ့ပြောင်းတောင်ယာများလည်းတဖြည်းဖြည်း များပြားလာခဲ့သည်။ နှစ်ရှည်သီးနှံများ စိုက်ပျိုးမှု အနည်းငယ်သာရှိခဲ့သဖြင့် ရွှေ့ပြောင်းတောင်ယာ လျှော့ချရေးအတွက် ၂၀၁၂ ခုနှစ်မှ စတင်ပြီး ဒေသခံများ နှစ်ရှည်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) က ရန်ပုံငွေနှင့် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၄ ခုနှစ်တွင် အဓိကနှစ်ရှည်သီးနှံအဖြစ် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ကော်ဖီသီးနှံသည် အရိပ်လိုအပ်ခြင်းကြောင့် သစ်တောသစ်ပင်များကို ထပ်မံခုတ်ယူချဲ့ထွင်ခြင်း မပြုတော့ဘဲ ယခင်က ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခဲ့သည့် နေရာများတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းဖြင့် သစ်တောများနှင့် ဇီဝမျိုးစိတ်များကိုပါ တစ်ပါတည်းထိန်းသိမ်းသွားနိုင်ရေး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)နှင့် မိတ်ဖက်အဖွဲ့အစည်းများက ယင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရေး**

၂၀၁၈ ခုနှစ်မှစတင်၍ ကော်ဖီဈေးကွက်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာပြီး ပေါက်စတောင်ဒေသရှိ ကျေးရွာ ၁၈ ရွာ၌ ကော်ဖီစိုက်ဧကနှစ်ထောင်ကျော်ရှိနေပြီဖြစ်သည်။ ယခုအခါ အရည်အသွေးကောင်းသည့် ကော်ဖီများထုတ်လုပ်နိုင်ပြီး ဈေးကွက်ဝင်မှုကြောင့် တောင်သူများ ဝင်ငွေ သိသိသာသာ တိုးတက်လာနေပြီဖြစ်ကြောင်း သိရသည်။ တစ်ချိန်တည်းတွင် ဒေသတွင်းကျက်စားလျက်ရှိသည့် အနောက်ဘက်မျက်ခုံးဖြူမျောက်လွှဲကျော် အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် သမားရိုးကျ ကော်ဖီစိုက်ပျိုးခြင်းနည်းမှ အော်ဂဲနစ်ကော်ဖီ စိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းမှု ပိုမိုအားကောင်းလာစေရေးနှင့် နိုင်ငံတကာအသိအမှတ်ပြု Wildlife Friendly Certificate ရရှိနိုင်ရေး ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)က ထုတ်ပြန်ထားသည်။

> **မျောက်လွှဲကျော် မျိုးစိတ်များသည် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် အိန္ဒိယ စသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ပျံ့နှံ့ကျက်စားလျက်ရှိပြီး ယင်းမျိုးစိတ်များအနက် မျိုးစိတ်ခြောက်မျိုးသည် မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ**

**မျိုးစိတ်ပေါင်း ၂၀ ခန့်ရှိ**

ကမ္ဘာပေါ်တွင် မျောက်လွှဲကျော် (Gibbon) မျိုးစိတ်ပေါင်း ၂၀ ခန့်ရှိပြီး မျောက်လွှဲကျော်မျိုးစိတ်သည် မျိုးစဉ်အရ လူဝံအုပ်စုဝင်များဖြစ်သည်။ ယင်းမျောက်လွှဲကျော်မျိုးစိတ်များသည် မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် အိန္ဒိယ စသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် ပျံ့နှံ့ကျက်စားလျက်ရှိပြီး ယင်းမျိုးစိတ်များအနက် မျိုးစိတ်ခြောက်မျိုးသည် မျိုးသုဉ်းမှုအန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ မျောက်လွှဲကျော် မျိုးစိတ်များသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄၀ မှ ၅၀ အထိ နေထိုင်ကြရပြီး သစ်သီးသစ်ဥများ၊ သစ်ရွက်နုများ၊ အင်းဆက်ပိုးမွှားများကို စားသောက်ကြသည့် အစုံစားသတ္တဝါများဖြစ်ကြသည်။ ၎င်းတို့၏ အညစ်အကြေးမှ ပြန်လည်စွန့်ထုတ်လိုက်သည့် အသီးစေ့တို့သည် သစ်တောများ ပြန်လည်ပေါက်ဖွားရာတွင် များစွာ အထောက်အကူပြုသည့်အတွက် ၎င်းတို့သည် ဂေဟစနစ်၏ အထောက်အကူများလည်း ဖြစ်ကြောင်း သိရသည်။

**မျိုးစိတ်လေးမျိုး ကျက်စား**

မြန်မာနိုင်ငံတွင် စကိုင်းဝေါကာ မျောက်လွှဲကျော်၊ လက်ဖြူမျောက်လွှဲကျော်၊ အနောက်ဘက် မျက်ခုံးဖြူမျောက်လွှဲကျော်နှင့် အရှေ့ဘက်မျက်ခုံးဖြူမျောက်လွှဲကျော်အပါအဝင် မျောက်လွှဲကျော် မျိုးစိတ်လေးမျိုး ကျက်စားလျက်ရှိကြောင်းသိရသည်။

စကိုင်းဝေါကာ မျောက်လွှဲကျော်မျိုးစိတ်(Skywalker Gibbon)ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် အများဆုံး တွေ့ရှိရပြီး မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်နှင့် သံလွင်မြစ်အကြား၊ မြန်မာနိုင်ငံအရှေ့မြောက်ဒေသတို့တွင် တွေ့ရှိရသည်။ လက်ဖြူမျောက်လွှဲကျော်မျိုးစိတ် (White-handed Gibbon or Lar)ကို တနင်္သာရီတိုင်းဒေသကြီးရှိ အမျိုးသားဥယျာဉ်များတွင် တွေ့ရှိရသည်။ အနောက်ဘက် မျက်ခုံးဖြူ မျောက်လွှဲကျော်မျိုးစိတ်(Western Hoolock Gibbon)ကို ချင်းတွင်းမြစ် အနောက်ဘက်ကမ်း၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်း၊ မကွေးတိုင်းဒေသကြီးရှိ ပဲခူးရိုးမတောနှင့် ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းဒေသတို့တွင် အများဆုံး တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံတွင် အနောက်ဘက် မျက်ခုံးဖြူ မျောက်လွှဲကျော် အကောင်ရေတစ်သိန်းခန့် ပျံ့နှံ့ကျက်စားနေကြောင်း သိရသည်။ အရှေ့ဘက် မျက်ခုံးဖြူမျောက်လွှဲကျော်မျိုးစိတ် (Eastern Hoolock Gibbon)ကိုမူ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း၊ ရှမ်းပြည်နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းဒေသတို့တွင် တွေ့ရှိရကာ ၂၀၁၉ စစ်တမ်းအရ မြန်မာနိုင်ငံတွင် အရှေ့ဘက် မျက်ခုံးဖြူမျောက်လွှဲကျော် ကောင်ရေသုံးသိန်းခန့် ကျက်စားနေထိုင်ကြကြောင်း သိရသည်။



ပေါက်စတောင်ဒေသ၌ ကျက်စားလျက်ရှိသည့် အနောက်ဘက် မျက်ခုံးဖြူ မျောက်လွှဲကျော်တစ်ကောင်ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၌ ကျက်စားလျက်ရှိသည့် မျောက်လွှဲကျော် မျိုးစိတ်အားလုံးသည် နေထိုင်ရာ သစ်တောများ ရှားပါးလာခြင်း၊ တရားမဝင် ဖမ်းဆီးခြင်း၊ အမဲလိုက်ခံရခြင်းနှင့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ ထို့ကြောင့်နှစ်စဉ် အောက်တိုဘာ ၂၄ ရက်ကို နိုင်ငံတကာ မျောက်လွှဲကျော်များနေ့အဖြစ် သတ်မှတ်၍ ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။

ကိုးကား-
(၁) https://www.facebook.com/ffimyanmar/
(၂) https://www.facebook.com/media/set/?set=a.138567294637493&type=3

# ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီပူဇော်ပွဲ တွံတေး၌ စည်ကားသိုက်မြိုက်စွာကျင်းပ



**တွံတေး ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၏ကျက်သရေဆောင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆံတေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၏အရှေ့မြောက် တနင်္ဂနွေထောင့် ရင်ပြင်တော်၌ (၄၅၈) ကြိမ် ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီတည်ထားပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာ့နှစ်ဆန်း ၁ ရက်နေ့) နံနက်ပိုင်းက ကျင်းပသည်။

သဲပုံစေတီ ပူဇော်ပွဲအတွက် နံနက်ပိုင်းမှ စတင်ကာ လုပ်အားဒါနပြုသူများက သဲများ သယ်ဆောင်ပြီး ရှမ်းလေးရွာဖြစ်သည့် ရှမ်းစုကြီး၊ ညောင်တံခါး၊ ငါးခုမ်းမစမ်း၊ မူးလမန်းရွာများက ဦးဆောင်ကာ နှစ်ဦးသဲပုံစေတီ တည်ထားပူဇော်ခဲ့ကြသည်။ ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီပူဇော်ပွဲကို အဆိုပါရှမ်းလေးရွာက နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင် ရှမ်းစုကြီးကျေးရွာကရာဇမတ်၊ မူးလမန်းကျေးရွာက ဂွေငါးဂွေနှင့် ပိန္နဲတိုင်၊ ငါးခုမ်းမစမ်းကျေးရွာက ခေါင်းလောင်းနှင့် ကြာမှောက်၊ ကြာလန်၊ ၄က်ပျောဖူး၊ ညောင်တံခါးကျေးရွာက ထီးတော်တို့ကို ပြုလုပ်၍ စေတီတည်ထားကြောင်းနှင့်စေတီ၏ အစိတ်အပိုင်းများကို ကျေးရွာများက နှစ်စဉ်အလှည့်ကျ ဆောင်ရွက်ကြရကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ရှမ်းလေးရွာ၏ ရိုးရာမပျက် နှစ်ဦးသဲပုံစေတီ ပူဇော်ပွဲသည် (၄၅၈) ကြိမ်ရှိလာပြီဖြစ်ကာ ရိုးရာဓလေ့မပျောက်ပျက်စေရန် ယနေ့လူငယ်များက ဆက်လက်ဆောင်ရွက်နေကြောင်း၊ သဲပုံစေတီတော်၏ အတိုင်းအတာများကို ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ (တွံတေး) က သတ်မှတ်ပေးထားသည့် အတိုင်း ရှမ်းလေးရွာက ပြုလုပ်ရကြောင်း၊ သဲပုံစေတီ၏ဉာဏ်တော် အမြင့်မှာ ကိုးတောင်ဖြစ်ပြီး ယခုအချိန်တွင် ရွှေဆံတော်စေတီ ခြေတော်ရင်း၌ ရှမ်းဓမ္မာရုံကို တည်ဆောက်ထားကာ ရှမ်းရိုးရာစာပေ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ မပပျောက်စေရေးအတွက် နောင်လာ နောက်သားများအား ရှမ်းစာပေများ သင်ကြားပေးနေပြီဖြစ်ကြောင်း သဲပုံစေတီပူဇော်ပွဲ ကျင်းပရေးတာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**တွံတေးသား**

# တနင်္သာရီမြို့နယ်အတွင်း အန္တရာယ်ကင်းပရိတ်များ မြို့တွင်းသို့ လှည့်လည်ရွတ်ဖတ်ပူဇော်

**တနင်္သာရီ ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းဝေးစေရေး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလေ့ရှိရာ ယနေ့ ဧပြီ ၁၇ ရက် (၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့ဦးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တဇောတိကနှင့်သံဃာတော် ရှစ်ပါး ကြွရောက်တော်မူကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿသုံးကြိမ် ဘုရားကန်တော့၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က လူပရိသတ်အပေါင်းအား ရှစ်ပါးသီလချီးမြှင့်ပေးပြီး ဆရာတော်နှင့်သံဃာတော် အရှင်သူမြတ် ကိုးပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များကို (ပထမ)တစ်ကြိမ် ရွတ်ပွားပူဇော်ပေး တော်မူသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူအစုစုအတွက် ရေစက်သွန်းချ အမျှဝေ သာဓုခေါ်ဆိုကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ဘုရားကန်တော့ခဲ့ကြသည်။



ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်အရှင်သူမြတ်များက မြို့တွင်းလမ်းများအတိုင်း မော်တော်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားပူဇော်ပေးကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့် လမ်းများတစ်လျှောက် ပရိတ်ရေများပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

(ပြန်ဆက်)



# အိမ်မဲမြို့နယ်၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်

**အိမ်မဲ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝပိုင်းရပ်ကွက်ရှိ အိမ်မဲမြို့တည် သမိုင်းဝင်ဆုတောင်းပြည့်ရှင်ပင်ချမ်းသာကြီး ဘုရားရှေ့ ကရဝိတ်ဖောင်တော်ရင်ပြင်မှ အိမ်မဲချောင်းအတွင်းသို့ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့က ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်သွင်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊အသင်းအဖွဲ့များတက်ရောက်ကြပြီး ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ၂၀၀၀၀ ကို ဇီဝိတဒါနငါးလွှတ်ပွဲအဖြစ် အိမ်မဲချောင်းအတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# ဆင်ဖြူပြင်ဆိပ်ကမ်း၌ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**သရက်ချောင်း ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက သရက်ချောင်းမြို့ ဆင်ဖြူပြင်ရပ်ကွက် ဆင်ဖြူပြင်ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ သရက်ချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခက်ခက်ဝေခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ပြည့်ဝန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများတက်ရောက်ခဲ့ပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနအဖြစ် နှစ်လက်မဆိုဒ် ကကတစ်ငါးကောင်ရေ ၂၀၆ ကောင်ကို ဆင်ဖြူပြင်ဆိပ်ကမ်းတွင် လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(သရက်ချောင်း)**



# သာယာဝတီမြို့နယ်အတွင်းရှိ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာ၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဘိုးဘွားများကန်တော့



**သာယာဝတီ ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးပြုလုပ်သော ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့ ဈေးပိုင်းရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းဘေးရှိ သာယာဝတီအပန်းဖြေကန်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး ငါးမြစ်ချင်းအကောင်ရေ ၅၀၀၀၊ ငါးခုံးမကောင်ရေ ၃၀၀၀၊ ရွှေဝါးငါးကောင်ရေ ၂၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၀၀၀၀ ကို သာယာဝတီအပန်းဖြေကန်ထဲသို့ လွှတ်ပေးခဲ့သည်။

ယင်းနောက် သာယာဝတီမြို့နယ် သုံးဆယ်မြို့ အလယ်ကုန်းရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာရှိ အဘိုး လေးဦး၊ အဘွား ရှစ်ဦး စုစုပေါင်း ၁၂ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်ဇော်**

(ပြန်/ဆက်)

# (၅၉) ကြိမ်မြောက် ရိုးရာအစဉ်အလာမပျက်ကျင်းပသည့် စစ်တွေမြို့မှ သက်ကြီးပူဇော်ပွဲ

သတင်းဆောင်းပါး - အောင်ကြည်မိုး(စစ်တွေ)



သင်္ကြန်အလွန် နှစ်ဆန်း ၁ ရက်နေ့သည် ဗုဒ္ဓဘာသာဝင်များ အတွက် အထွတ်အမြတ်ထားရာ နေ့တစ်နေ့လည်းဖြစ်သည်။ သက္ကရာဇ် တစ်ခု၏ အစဦးရက်တွင် ကုသိုလ်ကောင်းမှုများ ပြုကြသည်မှာလည်း မြတ်နိုးဖွယ်ရာဖြစ်ပြီး "ပူဇာစ ပူဇနေယျာနံ" ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတရားနှင့်အညီ ဖြစ်သောကြောင့် သင်္ကြန်ကာလ နှစ်ဆန်း ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ ရပ်ရွာများ၌ "သက်ကြီး ပူဇော်ပွဲ" ကို ရိုးရာအစဉ်အလာမပျက် ပြုလုပ်ကြသည်။

စာရေးသူတို့ စစ်တွေမြို့၌ ၂၀၂၃ ခုနှစ် (၅၉) ကြိမ်မြောက် မြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်နေ့ နံနက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စိုင်းဒြားရက္ခိုင် စည်တော်အဖွဲ့က ရခိုင်မင်္ဂလာစည်တော်ဖြင့် ဖွင့်လှစ်ပြီး သက်ကြီးပူဇော်ပွဲသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကာ အသက် ၈၀ နှင့်အထက် ဘိုးဘွား ၇၀ အား ပူဇော်ကန်တော့ခဲ့ကြသည်။

အလှူရှင်များကလည်း ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘိုးဘွားများအား မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။ စစ်တွေမြို့ရှိ (၅၉) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၏ ယဉ်ကျေးမှုဆပ်ကော်မတီမှ ကျောင်းသားလူငယ်များကလည်း "ရခိုင်ရိုးရာ ပြိုင်လောင်းဟန်" ယိမ်းအကဖြင့် သက်ကြီးရွယ်အို ဘိုးဘွားများအား ဂါရဝပြု ဖျော်ဖြေပူဇော်ခဲ့ကြသည်။

သက်ကြီးအရွယ် ဘိုးဘွားများအား လှူဒါန်းပူဇော်ခြင်းကို ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့က ချီးမွမ်းကြ၏။ ဘဝ၏ နေဝင်ချိန်ရောက်ရှိနေကြသော ဘိုးဘွားများအား ဝတ္ထုငွေ၊ စားစရာပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်းပေးခြင်းသည် နှစ်သစ်အချိန်ကာလတွင် မင်္ဂလာအရှိဆုံးလည်း ဖြစ်သည်။ ရခိုင်ဒေသရှိ ကျေးလက်ဒေသများ၌ နှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးပူဇော်ပွဲပြုလုပ်ပြီး နောက်တစ်နေ့ နှစ်ဆန်း ၂ ရက်နေ့တွင် "ဆရာကန်တော့ပွဲ" ကို ဆက်လက်ကျင်းပကြသည်။ ဆရာကန်တော့ပွဲဆိုသည်မှာ မိမိတို့ ငယ်စဉ်အခါက ဘုန်းတော်ကြီးသင်ပညာရေးကို သင်ယူခဲ့ကြရသောကြောင့် ဇာတိရွာမှ ဘုန်းတော်ကြီးအား တစ်ရွာလုံးက ပူဇော်ကန်တော့ခြင်းကို ဆိုလိုသည်။

စာရေးသူတို့ စစ်တွေမြို့၌ မြို့လုံးကျွတ်ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲကို ရိုးရာအစဉ်အလာမပျက် ပြုလုပ်နိုင်ရန် ကျင်းပရေးကော်မတီအနေဖြင့် ဈေးဆိုင်တန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ အလှူရှင်များထံမှ တစ်အိမ်တက်ဆင်း အလှူငွေကောက်ခံကြရသည်။ အလှူငွေရရှိရေးအတွက် မတ်လဆန်းမှစ၍ ကောက်ခံကြပြီး ရရှိလာသော အလှူငွေများကို ဘိုးဘွားများအား အချိုးကျ လှူဖွယ်ဝတ္ထုများဖြင့် ပူဇော်ကန်တော့နိုင်ရန် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများထံမှ ဘိုးဘွားစာရင်းအား ကြိုတင်ကောက်ခံကာ တောင်းယူထားကြရသည်။

သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၏ ယဉ်ကျေးမှုကော်မတီကလည်း ကျောင်းသားလူငယ်များဖြင့် ယိမ်းအကဖျော်ဖြေနိုင်ရန် နွေရာသီကျောင်းပိတ်ချိန်ကတည်းက ယိမ်းအကကို ကြိုတင်တိုက်ထားရသည်။ နှစ်ဆန်း ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်တစ်ခုလုံးရှိမြို့များ၌ သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီများက ကားကြီး၊ ကားငယ် အသွယ်သွယ်တို့ဖြင့် တစ်ရွာဝင်တစ်ရွာထွက် အသက် ၈၀ နှင့်အထက် သက်ကြီးရွယ်အို ဘိုးဘွားများအား ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ပူဇော်နေကြသည်။

ယခုနှစ် (၅၉) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲတွင် စစ်တွေမြို့ ဘိုးဘွားရိပ်သာ အပါအဝင် စစ်တွေမြို့ပေါ်ရှိ ရပ်ကွက် ၃၅ ခုမှ အသက် ၈၀ နှင့်အထက် ဘိုးဘွားဦးရေ ၁၀၇၃ ဦးအား ပူဇော်ကန်တော့ခဲ့ကြသည်ဟု သိရသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့လှူဒါန်းပေးပြီး စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီက ကျပ်သုံးသောင်းစီပေးလှူသည်။ အလှူရှင်များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများကလည်း အလှူငွေများ၊ စားစရာပစ္စည်းများကို ပေးလှူခဲ့ကြသည်။

ယခုကဲ့သို့ စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကို နှစ်စဉ်ကျင်းပရခြင်းမှာ ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းရန်နှင့် အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ထိန်းလိုသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ရာ နှစ်ဆန်း ၁ ရက်နေ့တွင် ရခိုင်ရိုးရာ အစဉ်အလာမပျက် ပြုလုပ်ကျင်းပနေကြသော "သက်ကြီးပူဇော်ပွဲ" သည် ရခိုင်တိုင်းရင်းသားလူမျိုးတို့အဖို့ နှစ်သစ်ကူးအချိန်အခါသမယတွင် ထူးခြားလှသည့် အလှူပွဲတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ငပလီကမ်းခြေ၌ နှစ်ဆန်း ၁ ရက်နေ့တွင် လာရောက်လည်ပတ်သူများ ဆက်လက်စည်ကား

**ငပလီ ဧပြီ ၁၇**

သင်္ကြန်ပွဲတော် ပြီးဆုံးသော်လည်း ရခိုင်ပြည်နယ် ငပလီမြို့ ငပလီကမ်းခြေ၌ ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များ ဆက်လက်အနားယူ လည်ပတ်လျက် စည်ကားနေဆဲဖြစ်ကြောင်း သိရသည်။

ငပလီကမ်းခြေတွင် ပြည်တွင်း ပြည်ပခရီးသွားများဖြင့် အထူး စည်ကားနေဆဲဖြစ်ပြီး ကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုခန်းအများစုမှာလည်း သင်္ကြန်ကာလအတွင်းမှ ယနေ့ နှစ်ဆန်း ၁ ရက်အထိ အခန်းများ ပြည့်နေဆဲဖြစ်ကြောင်း ဟိုတယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကပြောသည်။

"ဟိုတယ် အကုန်လုံးက ဧည့်သည်တွေ ပြည့်နေပြီး တည်းခိုခန်း၊ လုံချင်းအိမ်များမှာလည်း အခုချိန်အထိ ခရီးသည်တွေ ဆက်လက်အနားယူ အပန်းဖြေလျက်ရှိနေပါတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် လာရောက် လည်ပတ်ကြသူ အများစုမှာ ပြည်တွင်း ခရီးသွားများ ဖြစ်ကြောင်း၊ ဧည့်သည် ဝင်ရောက်မှုများသဖြင့် ငပလီကမ်းခြေတွင် အထူးစည်ကားလျက်ရှိပြီး ကမ်းခြေတွင် ဈေးရောင်းသူများလည်း အဆင်ပြေကြောင်း ငပလီအမှတ်တရ ပစ္စည်းများ ရောင်းချသူ ဒေသခံတစ်ဦးကပြောသည်။



ယခုနှစ်တွင် ငပလီမြို့၌ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်အနားယူကြသည့် ဧည့်သည်များ အများအပြား လာရောက်ခဲ့ကာ နှစ်ဆန်း ၁ ရက်တွင်လည်း ဆက်လက်အနားယူ အပန်းဖြေလျက်ရှိကြောင်းသိရသည်။

မြင့်မြင့်အေး(ပြန်/ဆက်)

## တပ်ကုန်းမြို့ အောင်တော်မူဘုရားကြီး၌ နှစ်ဆန်း ၁ ရက်တွင် ဘုရားပုထိုးများ ရေသပ္ပာယ်

**တပ်ကုန်း ဧပြီ ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ချောင်းဝကျေးရွာ မဟာဗောဓိဂန္ဓာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာသီဒက ဦးဆောင်မှုဖြင့် နှစ်ဆန်း ၁ ရက်တွင် ဘုရားပုထိုးများ ရေသပ္ပာယ်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုခြင်းများကို ကျေးရွာနေပြည်သူများက ဆောင်ရွက်ခဲ့သည်။

ချောင်းဝကျေးရွာမှ လူငယ်လူရွယ်နှင့် အမျိုးသမီးငယ်များက အောင်တော်မူဘုရားကြီးအား ရေသပ္ပာယ်ခြင်းနှင့် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အို အဘိုးအဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးများ ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမှုကုသိုလ်ယူခဲ့ပြီးနောက် မဟာဗောဓိဂန္ဓာရုံကျောင်းတိုက် ဆရာတော်ထံမှ သီလခံယူ၍ ကောင်းမှုကုသိုလ်ဆောင်ရွက်မှု အစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

တင်စိုးလွင်

## နှစ်ဆန်း ၁ ရက်နေ့တွင် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် ရေကစားသူများဖြင့် အထူးစည်ကား

**ဇေယျာသီရိ ဧပြီ ၁၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာရှိ ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အပန်းဖြေရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"ကမ်းတစ်လျှောက်မှာ နေပြည်တော်အတွင်းသာမက အနယ်နယ် အရပ်ရပ်မှ လာရောက်အပန်းဖြေသူတွေ ထောင်သောင်းမက ရှိပါတယ်။ အကြိုနေ့ကစပြီး အတက်နေ့အထိ စည်ကားပါတယ်။ ဒီနေ့ကတော့ အထူးစည်ကားတဲ့နေ့ပါ။ မြစ်ကမ်းတင်မကပါဘူး။ လေ့ခွင်းတောင် တန်ခိုးကြီးဘုရားကိုလည်း လာရောက်ဘုရားဖူးတဲ့ ပြည်သူတွေ နှစ်စဉ် အထူးစည်ကားပါတယ်။ အရင်ရက်တွေကတော့ တစ်ရက်ကို လူဦးရေ ၇၀၀၀၀ ကျော်လောက် လာပါတယ်။ ဒီနေ့ကတော့ သိန်းနဲ့ချီရှိနိုင်ပါတယ်" ဟု ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းက ပြောသည်။

ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် အပန်းဖြေရေကစားသူများ ရေနစ်သေဆုံးမှု မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျည်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြစ်ကမ်းတစ်လျှောက် စပိဘုတ်ဖြင့် လှည့်လည်ကြည့်ရှုစောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထွန်းလင်း(ဇေယျာမြေ)



# နှစ်ဆန်း ၁ ရက်နေ့တွင် စစ်ကိုင်းမြို့ရှိ ဘုရားများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကား

**စစ်ကိုင်း ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်) တွင် စစ်ကိုင်းမြို့ သမိုင်းဝင်တန်ခိုးကြီး ဘုရားများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုသူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ကျောက်ပန်းတောင်းမြို့ကနေပြီး လာရောက်ဖူးမြော်တာပါ။ စစ်ကိုင်းမြို့ရဲ့ သမိုင်းဝင်တန်ခိုးကြီး ဘုရားတွေကို ဖူးမြော်ဖို့ လာခဲ့တာပါ။ ဆွမ်းဦးပုညရှင် ဘုရားကြီးကို ဖူးမြော်ချင်တာကြာပါပြီ။ အခုမှပဲ ဖူးမြော်



ဆွမ်းဦးပုညရှင်စေတီတော်ရှေ့မှ ဘုရားဖူးကားများ။

ဖြစ်တော့တယ်"ဟု ကျောက်ပန်းတောင်းမြို့မှ ဘုရားဖူး ဦးသန်းဝင်းက ပြောသည်။

ဆွမ်းဦးပုညရှင် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းကလည်း "ဒီဆွမ်းဦးပုညရှင် မြတ်စွာဘုရားကြီးဟာ နှစ်စဉ် ဝါတွင်းကာလ ဘုရားပွဲတော်တွေမှာ ဦးဆုံး ကျင်းပခွင့်ရတဲ့ ဘုရားကြီးပါ။ ဝါဆိုလပြည့်နေ့နဲ့ အခုလိုအခါကြီး/ရက်ကြီးတွေမှာ စည်ကားပါတယ်။ လာရောက်ကြတဲ့ ဘုရားဖူးပြည်သူတွေ ယာဉ် အန္တရာယ်ကင်းရှင်းဖို့အတွက်လည်း အတက်လမ်း/ အဆင်းလမ်း သတ်မှတ်ပေးပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ အတက်လမ်းမှာဆိုရင်တောင် အန္တရာယ်ရှိ နေရာမှာ နှစ်လမ်းသွား တိုးချဲ့ဆောင်ရွက်ပေးထားပါတယ်။ စစ်ကိုင်းမြို့မှာ ဆိုရင်တော့ ကောင်းမှုတော်ဘုရားကြီးနဲ့ ဆွမ်းဦးပုညရှင် ဘုရားကြီးကို အများဆုံး လာရောက် ဖူးမြော်ကြတာပါပဲ" ဟု ပြောသည်။

စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် ဘုရားကြီးသည် စစ်ကိုင်းမြို့နှင့် လေးမိုင်ခန့်သာကွာဝေးပြီး ရင်ပြင်တော်ပေါ် အရောက် ယာဉ်/ ကား/ မော်တော်ဆိုင်ကယ်များ တက်ရောက်ဖူးမြော်နိုင်သလို ကောင်းမှုတော် ဘုရားကြီးသည် စစ်ကိုင်းမြို့နှင့် ငါးမိုင်ခန့်သာ ကွာဝေးပြီး စစ်ကိုင်း- မုံရွာသွား ကားလမ်းမဘေးကြီးတွင် တည်ရှိကာ အလွယ်တကူ ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# ထားဝယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကျင်းပ

**ထားဝယ် ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၁၃၈၅ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက်က ထားဝယ်မြို့ ဒေါင်းငူ/ တံငါရပ်ကွက် ဆိပ်ကမ်းသာဘောတံတား၌ ကျင်းပသည်။

ငါးလွှတ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကကတစ် ငါးသားပေါက်များကို ဆိပ်ကမ်းသာဘောတံတားပေါ်မှ ထားဝယ်မြစ်အတွင်းသို့ လွှတ်ပေးခဲ့သည်။

ထို့နောက် အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းအကြောင်း အမှာစကားပြောကြားပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုးအဘွား၃၅ဦးအား ပူဇော်ကန်တော့ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်ကာ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များအဖွဲ့က အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ထားဝယ်မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၃၇၅ ဦးအား ကန်တော့ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်ဦးလျှင်ကျပ် ၄၀၀၀၀ စီဖြင့် စုစုပေါင်းငွေကျပ် ၁၆၄ သိန်းကို လှူဒါန်းထားပြီး ကန်တော့ခံ အဘိုးအဘွား ၃၅ ဦးအတွက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက ကျပ် ၃၀၁၀၀၀၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျပ်နှစ်သိန်းစီကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ပူဇော်ပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူများက အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများကို အိမ်တိုင်ရာရောက် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**



# ကြာအင်းဆိပ်ကြီးမြို့နယ်၌ သက်ကြီးဘိုးဘွားများအား စုပေါင်းကန်တော့

**ကြာအင်းဆိပ်ကြီး ဧပြီ ၁၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ နှစ်ဆန်း ၁ ရက်တွင် မြန်မာ့ရိုးရာအစဉ်အလာမပျက် အဘိုးအဘွားများအား ပူဇော်ပွဲကို အမှတ်(၅) ရပ်ကွက်ရှိ မြို့လယ်သာသနာ့ဗိမာန်တော်ကြီး၌ ဧပြီ ၁၇ ရက်က ကျင်းပ၍ ဖိတ်ကြားပူဇော်ကန်တော့ကြောင်းသိရသည်။

အဘိုးအဘွားများအား ပူဇော်ကန်တော့ရာတွင် ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် စေတနာရှင် မြို့သူ မြို့သားများက ဝတ္ထုပစ္စည်းများနှင့် အလှူငွေကျပ်ခြောက်သောင်းစီကို စုပေါင်းလှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်း၊ ကြာအင်းဆိပ်ကြီးမြို့ပေါ်၌ အသက် ၈၅ နှစ်အထက်ဘိုးဘွား ၃၅ ဦးရှိပြီး အခမ်းအနားသို့ လာရောက်ကန်တော့ခံနိုင်ခြင်း မရှိသော အဘိုးအဘွားများအား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး(ပြန်/ဆက်)**

# ကျောက်ဖြူမြို့ရှိ ရှေးဟောင်းပေါ်တော်မူ ကံ့ကော်တောဘုရား၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ

**ကျောက်ဖြူ ဧပြီ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းပေါ်တော်မူ ကံ့ကော်တော ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်သည့် ဘုရားဖူးပြည်သူများဖြင့် နှစ်ဆန်း ၁ ရက် နံနက်ပိုင်းစတင်၍ စည်ကားလျက်ရှိကြောင်း သိရသည်။

ကံ့ကော်တောဘုရားသည် ရှေးနှစ်ပေါင်းများစွာကပင် ထင်ရှားကျော်ကြားပြီး ကံ့ကော်တောဘုရားဟု ခေါ်ဝေါ်ခဲ့ကြသည့် ရှေးဟောင်းပေါ်တော်မူ မြတ်စွာဘုရားနှစ်ဆူသည် ကျောက်ဖြူမြို့နှင့် ငါးမိုင်အကွာ ဂုံးချိန်ရွာတောင်ဘက် ကံ့ကော်ပင်များရှိရာ အရပ်တွင်တည်ထားခြင်းဖြစ်သည်။ ကံ့ကော်တောဘုရားပွဲတော်ကို နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တွင် ကျင်းပ၍ ရခိုင်ရိုးရာကျင်ပွဲကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

သင်္ကြန်အတက်နေ့တွင် ကျောက်ဖြူမြို့ပေါ်ရပ်ကွက်များနှင့် အနီးအနားကျေးရွာများက ကံ့ကော်တောဘုရားသို့ အိုးစည်ဒိုးပတ်များဖြင့် လာရောက်ရေသပ္ပာယ်ကြသည်။

နှစ်ဆန်း ၁ ရက်နေ့တွင် အနီးအနားရှိ ရွာပေါင်းများစွာမှ လှူဒါန်းဖွယ်ရာ ဆွမ်းအုပ်များ ကိုယ်စီရွက်၍ ဘုရားပရိဝုဏ်ကို လှည့်လည်ဦးခိုက် ပူဇော်ကြသည်။ ဘုရားပွဲတော်လာ ထောင်ပေါင်းများစွာသော ပရိသတ်အား စတုဒိသာအဖြစ် ပိန်းပင်ရိုးများကိုချက်၍ ပိန်းရိုးဟင်းကျွေးမွေးလေ့ရှိသည်။

ယခုနှစ်တွင် ဘုရားပွဲတော်သို့ မြို့ပေါ်ရပ်ကွက်များ၊ အနီးအနားရှိ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ကား၊ ကိုယ်ပိုင်ယာဉ်၊ ဆိုင်ကယ်၊ အငှားယာဉ်များဖြင့် ဘုရားဖူးလာရောက်သူ ယခင်နှစ်များထက် များပြားပြီး ဘုရားရင်ပြင်ရှိ အရိပ်ရအပင်များ၊ ဇရပ်များတွင် မိသားစုစုဖွဲ့၍ ထမင်းစားခြင်း၊ အနားယူခြင်းနှင့် ကုသိုလ်ကောင်းမှုများ ပြုခြင်းတို့ လုပ်ဆောင်ကြကြောင်း သိရသည်။

**ဖြိုးဝေလင်း**





# ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံကျုံး၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

**ရွှေဘို ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံကျုံး၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ရွှေဘိုခရိုင်ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲသို့ အမှတ်(၅)စစ်အုပ်ချုပ်ရေးနယ်မြေ ရွှေဘိုတပ်နယ်မှူးနှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စွမ်းဇာနည်နှင့် ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်သင်းသင်းဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးအဖွဲ့ဝင်များ တက်ရောက်ပြီး ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး သားပေါက် ကောင်ရေတစ်သိန်းကို ကျုံးအတွင်း ဇီဝိတဒါနပြု လွှတ်ပေးခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက် / မွေးစခန်းမှ အကျဉ်းသား အကျဉ်းသူ ၄၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် ဧပြီ ၁၇**

မြန်မာ့နှစ်သစ်အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အချုပ်ထောင်၊ ကုန်ထုတ်စခန်းနှင့် ဘက်စုံစိုက်/မွေးစခန်းမှ ပြစ်ဒဏ်ကျ အကျဉ်းသား အကျဉ်းသူ ၄၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများတွင် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား လေးဦး၊ ကင်းသာ(၁) ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၉ ဦး၊ ကင်းသာ (၁) အင်အား၊ ဘက်စုံစိုက်/မွေးစခန်း (နေပြည်တော်)မှ အကျဉ်းသား ၁၂ ဦး၊ ကင်းသာ(၂) ကုန်ထုတ်စခန်း (တပ်ကုန်း) မှ အကျဉ်းသား ၁၄ ဦး၊ စုစုပေါင်း ၄၉ ဦးတို့ လွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အချုပ်ထောင်ခန်းမ၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၊ နေပြည်တော် ဘက်စုံစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများဖြစ်သည့် အပူချိန်တိုင်းခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ထောင်လွတ်လက်မှတ်များ၊ လွတ်လူခရီးစရိတ်၊ စားစရိတ်များနှင့် လုပ်အားရှင်ခံစားခွင့်များ ပေးအပ်ခြင်း၊ ကတိခံဝန်ချက်များ လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပြီး အကျဉ်းသားများကို ဌာနပိုင်မော်တော်ယာဉ်များဖြင့် မြို့မဈေးကားဂိတ်နှင့် နေပြည်တော်ဘူတာကြီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သီပေါအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများလွှတ်ပေး

**သီပေါ ဧပြီ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ -၄၀၁၊ ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အကျဉ်းထောင် အကျဉ်းဦးစီးဌာန ဧည့်ရိပ်သာ၌ ကျင်းပသည်။



ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အကျဉ်းသားများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းနှင့် ထောင်တာဝန်ခံအရာရှိ ဦးစိုးသီဟ တို့က မိမိနေရပ်အသီးသီးသို့ ကောင်းမွန်စွာ သွားရောက်ကြရန်နှင့် နေရပ်သို့ ရောက်ရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများမှ စီစဉ်မှုအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်သွားကြရန် စသည်ဖြင့် ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် သီပေါအကျဉ်းထောင်မှ အကျဉ်းသား သုံးဦးကို လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်များ ထောင်ပံ့ကာ သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်မည့် ကားဂိတ်များသို့ ပို့ဆောင်ပေးကြောင်း သိရသည်။

စိုင်း(သီပေါ)

## သထုံအကျဉ်းထောင်မှ အကျဉ်းသား ၂၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**သထုံ ဧပြီ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့် အမိန့်အမှတ် (၂၈/၂၀၂၃) အရ မွန်ပြည်နယ် သထုံအကျဉ်းထောင်မှ အကျဉ်းသား ၂၅ ဦး တို့အား ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက်က စည်းကမ်းချက်ဖြင့် ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအား လျှော့ပေါ့၍ တာဝန်ရှိသူတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့သည့် အကျဉ်းသားများကို သထုံအကျဉ်းထောင် အစည်းအဝေးခန်းမ၌ သထုံခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ သထုံအကျဉ်းထောင်တာဝန်ခံ ဦးဇော်မင်းထွန်းနှင့် တာဝန်ရှိသူက လွတ်ငြိမ်းခွင့်ပြုပေးသည့် ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာအကျိုးကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာဆက်လက်နေထိုင်ကြရေး ဆုံးမစကားများ ပြောကြားခဲ့ပြီး ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ထုတ်ပေးကာ မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြသည်။



အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အကျဉ်းဦးစီး ဌာန၊ မီးသတ်ဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်

(ပြန်/ဆက်)

## လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၁ ဦးအား လွှတ်ပေး

**လားရှိုး ဧပြီ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၂၈/၂၀၂၃) အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွှတ်ပေးသည့် အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီ ၄၅ မိနစ်၌ လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး အောင်မြင့်နိုင်၊ လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေဌေးသတိုး၊ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနဦးစီးအရာရှိဦးလွင်ဆန်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး အောင်မြင့်နိုင်ကလည်းကောင်း၊ လားရှိုးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းကလည်းကောင်း ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၂၈/၂၀၂၃) အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား ၁၁ ဦး လွှတ်ပေးခဲ့ကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်း အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၇၂ ဦး လွှတ်ပေး

**မြိတ် ဧပြီ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာနှစ်သစ်မင်္ဂလာအခါသမယအထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦးအား ယနေ့ နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

ထို့သို့လွှတ်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတို့၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအနက်မှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ – ၄၀၁၊ ပုဒ်မခွဲ(၁)အရ “ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် မြိတ်အကျဉ်းထောင်မှ အကျဉ်းသားခုနစ်ဦး၊ အကျဉ်းသူသုံးဦး၊ ကျောက်ဖြူတောင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၆၂ ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၇၂ ဦးတို့အား အဆိုပါနေရာများတွင် အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား သုံးဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မြောင်းမြ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြန်မာ နှစ်ဆန်း ၁ ရက်နေ့ ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား သုံးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အခမ်းအနားကို မြောင်းမြအကျဉ်းထောင်၏ မြရောခန်းမ၌ကျင်းပပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအုန်းသိန်းနှင့် ဦးအောင်တင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုး၊ စခန်းမှူး ဒုရဲမှူး ဇင်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းငြိမ်း၊ သတင်းတပ်ဖွဲ့မှ ဒုရဲမှူး စိုးနိုင်၊ တာဝန်ခံအရာရှိ ဦးစောဇော်မြင့်ဆွေတို့က အခမ်းအနားတက်ရောက်ခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအုန်းသိန်းတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသား သုံး ဦးတို့အား ဆုံးမသြဝါဒစကား ပြောကြားခဲ့သည်။

မြောင်းမြခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူ မြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ကျော်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Kyaw Min Khant” Telegram အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာနေ ညီညီထွဋ်နှင့် မေသက်ဇွန်ဦး(ခ)မေဇွန်တို့သည် ၎င်းတို့အသုံးပြုသည့် “Nyi Nyi Htut” Facebook အကောင့်၊ “May Zune” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၈)ရပ်ကွက်နေ စောမင်းသည် ၎င်းအသုံးပြုသည့် “Saw Min” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ယောက်ျားစီးဖိနပ် အရန် ၃၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်သော Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထပ်မံ၍ ဧပြီ ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျလုည့်ကင်းအဖွဲ့က ပိန်းဆာကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာတွင် စုပုံထားသော ကုန်ပစ္စည်းများအား တွေ့ရှိသဖြင့် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ သယ်ဆောင်၍ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ VLT တံဆိပ်ပါ Battery ၅၃ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၄၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်၊ ပျဉ်းကတိုးသစ်နှင့် ကောင်းမှုသစ် ၂၅ ဒသမ ၈၆၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၁၂၅၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၅ ရက်နှင့် ၁၆ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၁၂၅၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ငွေကျပ် သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ငွေကျပ် သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၄ ရက် ညနေ ၄ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ မန္တလေးမှ ဟိုပင်ဘက်သို့ မြင့်ဇော်ဦး(ခ)ဝင်းလွင် မောင်းနှင်ပြီး ရန်နိုင်မိုး(ခ)ကိုမိုး လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဆပ်ပြာခွက် ၃၀၈၀ ဖြင့်ထည့်လျက် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၆၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူအလေးချိန် ၂၇ ဒသမ ၇၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မြင့်ဇော်ဦး(ခ)ဝင်းလွင် နှင့် ရန်နိုင်မိုး(ခ)ကိုမိုး တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တောင်တွင်းကြီးမြို့နယ်၌ လင်မယားချင်းစကားများရန်ဖြစ်စဉ် ဝါးဆစ်တုတ်ဖြင့်ရိုက်၍ ဇနီးဖြစ်သူ သေဆုံး

**နေပြည်တော် ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဧပြီ ၁၅ ရက်က လင်မယားချင်း စကားများရန်ဖြစ်စဉ် ဝါးဆစ်တုတ်ဖြင့်ရိုက်ရာမှ ဇနီးဖြစ်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၅ ရက် ည ၈ နာရီတွင် အိုးပေါက်ကျေးရွာနေ ဇော်မင်း (၄၄ နှစ်) သည် ဇနီးဖြစ်သူ မမိုးကေသီဝင်း(၄၂ နှစ်)ကို စကားများရန်ဖြစ်စဉ် ဝါးဆစ်တုတ်ဖြင့် ရိုက်နှက်ခဲ့သောကြောင့် မမိုးကေသီဝင်းတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ဇော်မင်းအား ကုက္ကိုကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများနှင့်ဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက်ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့တွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝယ်ယူရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၄-၂၀၂၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၅-၂၀၂၃ ရက်၊ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကိုတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့် ပညာဦးစီးဌာနဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ
ပညာရေးဝန်ကြီးဌာန

## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် လိုအပ်သော (၈၀/၁၀၀) ကတ္တရာ နှင့် ဘီလပ်မြေများအား (၂၀၂၃-၂၀၂၄) ခု ဘဏ္ဍာရေးနှစ်ရန်ပုံငွေ (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

- (က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၂၀-၄-၂၀၂၃ရက်
- (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက်** - ၄-၅-၂၀၂၃ ရက်
- (ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊မကွေးမြို့

၃။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို ဆက်လက်အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၉-၅၃၄၂၈၅၇၊ ၀၉-၂၅၉၀၃၇၁၃၃၊ ၀၉-၅၃၁၀၇၁၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာနမှ
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
## ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- (က) ဓာတ်ခွဲခန်းသုံးပစ္စည်း (၂၁)မျိုး
- (ခ) စက်နှင့်စက်ကိရိယာပစ္စည်း (၁၅)မျိုး
- (ဂ) ရုံးသုံးစက်ကိရိယာပစ္စည်း (၄)မျိုး
- (ဃ) ရုံးသုံးပရိဘောဂပစ္စည်း (၈)မျိုး

၂။ အိတ်ဖွင့်တင်ဒါများ ဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၃ ရက် မှ ၉-၅-၂၀၂၃ ရက်ထိ
- (ခ) **တင်ဒါနောက်ဆုံးလက်ခံမည့်ရက်၊အချိန်** - ၁၂-၅-၂၀၂၃ ရက်၊ ၁၅:၃၀ နာရီ
- (ဂ) **တင်ဒါဖွင့်ဖောက်မည့်ရက်၊အချိန်** - ၁၆-၅- ၂၀၂၃ ရက်၊ ၁၀:၀၀နာရီ
- (ဃ) **တင်ဒါဖွင့်ဖောက်လက်ခံမည့်နေရာ** - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ရုံးအမှတ်(၃၆) နေပြည်တော်

၃။ ပစ္စည်းများ၏ အဆိုပြုလွှာပုံစံများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃-၄၁၈၅၃၁ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ငါးလုပ်ငန်းဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၁၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၆)ခု (လုပ်ငန်းတစ်ရပ်လုံးတင်ဒါဖြင့် ဆောင်ရွက်မည့်လုပ်ငန်း(၂)ခု နှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါဖြင့်ဆောင်ရွက်မည့် လုပ်ငန်း(၄)ခု)ကို တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းအတွေ့အကြုံရှိသော လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံရယူရမည့်နေရာ** | - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ-၁၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** | - ၁၈-၄-၂၀၂၃ ရက်မှ ၂၈-၄-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Chequeမူရင်း တင်သွင်းရမည့် နောက်ဆုံးရက်** | - ၂၈-၄-၂၀၂၃ရက် ၊ (သောကြာနေ့)၊ ၄:၀၀နာရီအထိ |
| **တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Chequeမူရင်း တင်သွင်းရမည့်နေရာ** | - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၁၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| **လုပ်ငန်းသုံးပစ္စည်းတင်ဒါနှင့် လုပ်ငန်းတစ်ရပ်လုံး တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** | - ၂-၅-၂၀၂၃ရက်၊ ၁၃:၀၀နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၁၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း-၀၁-၂၀၂၁၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## မန္တလေးတိုင်းဒေသကြီး
## မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ
## အိမ်ခန်းများ လျှောက်ထားနိုင်ကြောင်း ကြော်ငြာခြင်း

၁။ ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီးဖြစ်သော မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာရှိ အိမ်ခန်းများအား ပြည်သူများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ငှားရမ်းပေးသွားမည်ဖြစ်ပါသည်။

၂။ ငှားရမ်းနေထိုင်လိုပါက အောက်ဖော်ပြပါအတိုင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

- (က) **လျှောက်လွှာရောင်းချမည့်ရက်** - ၁၈-၄-၂၀၂၃ ရက်မှ ၁၇-၅-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း)
- (ခ) **လျှောက်လွှာလက်ခံမည့်ရက်** - ၂၅-၄-၂၀၂၃ ရက်မှ ၁၉-၅-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း)
- (ဂ) **လျှောက်လွှာရရှိနိုင်မည့်နေရာ** - မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ (၆၆)လမ်း၊ (၁၆x၁၉)လမ်းကြား

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၉၆၅၆၉၆၄၀၆၊ ၀၉-၂၅၄၂၂၇၈၅၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်)

အိမ်ခန်းနေရာချထားရေးကော်မတီ
မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ၊ မန္တလေးမြို့

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်မိုးမိုးဆွေ ၇/အဖန(နိုင်)၀၈၄၂၉၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံဒင်ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၉/၄၇/၃၇) တွင်တည်ရှိသော ပေ(၂၀x၆၀) အကျယ်အဝန်းရှိ မြေကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမိုးကြည်အောင် ၇/သကန(နိုင်) ၀၉၃၀၅၁ ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းအပါအဝင် မြေကွက်အတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးကြည်**
**LL.B, C.B.L, D.B.L, D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၃၃၂၈၆/၂၀၁၀)**
**အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၄၇၇၆၇၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့မှ ၂၀၂၃-၂၀၂၄ ဘတ်ဂျက်ကာလအတွက် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၊ မုန်းချောင်းတမံပင်မရေပိုလွှဲအကြီးစားပြုပြင်ခြင်းနှင့် အကူရေပိုလွှဲ တည်ဆောက်ခြင်း လုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်း (သံချောင်းလုံး)ကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- (က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၄-၂၀၂၃ ရက်မှ ၁၉-၄-၂၀၂၃ ရက်အထိ(ရုံးချိန်အတွင်း)
- (ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့
- (ဂ) **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၂၀-၄-၂၀၂၃ ရက် (ရုံးချိန်အတွင်း)
- (ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့
- (င) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၂၃ ရက် (နံနက် ၁၀:၀၀နာရီ)
- (စ) **တင်ဒါဖွင့်မည့်နေရာ** - တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (အစည်းအဝေးခန်းမ)

အကြောင်းအမျိုးမျိုးကြောင့် တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက ထပ်မံဆက်သွယ် အကြောင်းကြားပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တောင်တွင်းကြီးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ ဖုန်း-၀၆၃-၂၀၅၁၁၄၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်မြို့
## (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်
## လုပ်ငန်းတင်ဒါ ပထမအကြိမ် တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၏ မော်လမြိုင်ခရိုင်၊ သထုံခရိုင်၊ ရေးခရိုင်နှင့် ကျိုက်ထိုခရိုင်တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း-တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါပထမအကြိမ် ခေါ်ယူမည်ဖြစ်ပါသည်။

- (က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၂၄-၄-၂၀၂၃ရက်မှ ၈-၅-၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း)
- (ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့
  လမ်းဦးစီးဌာန၊ သထုံခရိုင်၊ သထုံမြို့၊
  လမ်းဦးစီးဌာန၊ ရေးခရိုင်၊ ရေးမြို့၊
  လမ်းဦးစီးဌာန၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့
- (ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၅-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀:၀၀နာရီ
- (ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၄၇၅၉
သထုံခရိုင် ဖုန်း-၀၅၇-၄၀၀၄၆
ရေးခရိုင် ဖုန်း-၀၉-၂၅၃၇၀၆၄၈၉
ကျိုက်ထိုခရိုင် ဖုန်း-၀၉-၉၇၅၇၀၀၇၂၂

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ၁၅ ရပ်ကွက်၊ မြေတိုင်းအကွက် အမှတ်(၆-က)၊ လမ်းမကျယ်အကွက်၊ ဦးပိုင်အမှတ်(၁၂၄/ခ)၊ ဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိ ဦးမြင့်ဦး အမည်ပေါက် ပိုင်ဆိုင်သောအရှေ့-ဦးပိုင်(၁၂၅/ဃ+၁၂၅/င)၊ အနောက်-ဦးပိုင်(၁၂၄/က)၊ တောင်(၄)လမ်း၊ မြောက်-ဈေးလမ်း အတွင်းရှိ ဘိုးဘွားပိုင် ခြံမြေကွက်ကို ဦးကြည်တိုး အမည်ပြောင်းပေးရန် လျှောက်ထားခြင်းဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၅-၄-၂၀၂၃ ရက်မှ ၆-၅-၂၀၂၃ ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
တောင်ငူမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/3951 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနောင် ၇/ထတပ(နိုင်) ၀၆၀၅၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တောင်ငူ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1662 Hyun Dai Porter II Pickup ယာဉ်လက်ဝယ်ရှိသူ U Soe Lwin Thein & Group Co.,Ltd ၁၂/ရကန(နိုင်) ၀၂၇၈၀၄၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ မုံရွာ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2884 Hyun Dai Km CPB Drump Truck ယာဉ်လက်ဝယ်ရှိသူ U Soe Lwin Thein & Group Co.,Ltd ၁၂/ရကန(နိုင်) ၀၂၇၈၀၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ မုံရွာ

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်မေသူ ၈/မသန(နိုင်) ၀၈၁၅၇၂ (ဘ)ဦးခင်မောင်ရီ၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၇၂၁၈၃၇၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နွဲ့စိုးအောင် ၈/မသန(နိုင်)၁၅၅၈၉၁ (ဘ)ဦးကံရင်၏ ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၀၇၁၃၂၈၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောနေမိုး ၂/ဒမဆ(နိုင်)၀၈၂၆၂၀ (ဘ)ဦးမိုးလို၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၁၆၃၄၄၀

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2608 Hyun Dai Km CPB Drump Truck ယာဉ်လက်ဝယ်ရှိသူ U Soe Lwin Thein & Group Co.,Ltd ၁၂/ရကန(နိုင်) ၀၂၇၈၀၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ မုံရွာ

**စာပေမြင့်မှ လူမျိုးတင့်မည်**

**သစ်တော နှင့် သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရမည်ဖြစ်...**

❖ **ယခုနိုင်ငံအတွင်း ဖြစ်ပေါ်နေသောအခြေအနေများသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်...**

❖ **ကျင်းပမည့် ရွေးကောက်ပွဲသည်လည်း မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်ပြီး ကမ္ဘာ့ရွေးကောက်ပွဲမဟုတ်...**

❖ **မိမိတို့နိုင်ငံသားများအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

# တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဧပြီ ၁၇

အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသည့် နိုင်ငံသား အကျဉ်းသား၊ အကျဉ်းသူ ၃၀၁၅ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၉၈ ဦး စုစုပေါင်း ၃၁၁၃ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆



အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများအား ပို့ဆောင်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၂၈ /၂၀၂၃
၁၃၈၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူ ၃၀၁၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

**ယနေ့** *ဖတ် စ ရာ*

**အမေရိကန်၌ မွေးနေ့ပါတီတစ်ခုအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွား လေးဦးသေဆုံးပြီး ၂၈ ဦး ထိခိုက်ဒဏ်ရာရ**

နိုင်ငံတကာသတင်း စာ ၃၃

**အိန္ဒိယနိုင်ငံ၌ အပူလွန်ကဲမှုဒဏ်ကြောင့် လူ ၁၁ ဦး သေဆုံးပြီး ၄၀ ကျော်ကို ဆေးရုံသို့ပို့ဆောင်**

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ငွေကျပ် သိန်း ၆၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၂၉

